ကြေးမုံ
The Mirror Daily
၁၉၅၇ ပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**ကောင်းမှုအနည်းငယ်ပြုဖန်များသော်
ကောင်းမှုနှင့်ပြည့်**

ငါ၏ အနည်းငယ်မျှသော ကောင်းမှုသည် ငါ့အား အကျိုးမပေးလတ္တံ့ဟု ကောင်းမှုကို မထိမဲ့မြင် မမှတ်ရာ၊ မိုးပေါက်ကျဖန်များသော် ရေအိုးကြီးပင် ပြည့်လေသကဲ့သို့၊ ကောင်းမှုကို အနည်းငယ် အနည်းငယ်ပြုဖန်များသော် ပညာရှိသည် ကောင်းမှုနှင့် ပြည့်လေ၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၂)

၁၃၈၇ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၇ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 16 July 2025 ၁၁၈၈၀

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း မန္တလေးလျှင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် နေပြည်တော်၊ ဥတ္တရသီရိရေလှောင်တမံနှင့် အလုပ်သမားဝန်ကြီးဌာန ရုံးပတ်လမ်း၊ မြေထိန်းနံရံပြန်လည်ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုနှင့် ဆောင်ရွက်ပြီးစီးနေမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၁၅

အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ပြည်ထောင်စု ဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များလိုက်ပါ၍ ယနေ့ညနေပိုင်းတွင် မန္တလေးလျှင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် နေပြည်တော်၊ ဥတ္တရသီရိရေလှောင်တမံနှင့် အလုပ်သမားဝန်ကြီးဌာနရှိ ရုံးပတ်လမ်း၊ မြေထိန်းနံရံများ ပြန်လည် ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုနှင့် ဆောင်ရွက်ပြီးစီးနေမှု အခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ○




အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း မန္တလေးလျှင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အလုပ်သမားဝန်ကြီးဌာန မြေထိန်းနံရံ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

**ယနေ့ ဖတ်စရာ**



**မြန်မာနိုင်ငံကိုယ်စားပြု ခရီးသွားမြှင့်တင်ရေးပြခန်း ရုရှားနိုင်ငံသားများ အထူးစိတ်ဝင်စားမှုရှိခဲ့ပြီး လာရောက်သူများဖြင့် စည်ကားခဲ့**

စာမျက်နှာ » ၉

**ဗိုလ်ချုပ်အောင်ဆန်းပြတိုက် (သို့မဟုတ်) နှလုံးသားထဲ ရှင်သန်နေသော သမိုင်းမှတ်တမ်းများ**

ဆောင်းပါး စာမျက်နှာ » ၆




ကြေးမုံ

# ရေကြီးရေလျှံသဘာဝဘေးအန္တရာယ် ကြိုတင်သတိပြုစုပေါင်းကာကွယ်

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ဇူလိုင်လ ၁၄ ရက်နေ့ ညနေပိုင်း တိုင်းထွာချက်များအရ အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ် အရှေ့တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့တွင် ဖြစ်ပေါ်နေသည့် အားကောင်းသော လေဖိအားနည်းရပ်ဝန်းသည် ပိုမိုအားကောင်းလာပြီး ကုန်းတွင်းမုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိကာ နောက် ၂၄ နာရီတွင် အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်သို့ ဆက်လက်ဖြတ်ကျော်ခဲ့သည်။ အဆိုပါမုန်တိုင်းငယ်အရှိန်ကြောင့် မြန်မာနိုင်ငံရှိ အချို့ဒေသများတွင် မိုးသည်းထန်မှုများဖြစ်ပေါ်ခဲ့ပြီး အထူးသဖြင့် ရခိုင်ပြည်နယ် အချို့ဒေသများတွင် ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့သည်။

မုတ်သုံရာသီကာလ၌ မြန်မာနိုင်ငံတစ်ဝန်းတွင် မိုးပိုမိုအားကောင်းလာမှုနှင့်အတူ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များ အားကောင်းလျက်ရှိသည်။ အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာတစ်လျှောက်တွင် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းရွာခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပြီး ဇူလိုင်လ ၁၅ ရက်နေ့မှစ၍ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် မိုးပိုမိုလာနိုင်သည်ဟု အသိပေးထားသည်။

ဇူလိုင်လ ၁၄ ရက်နေ့ တိုင်းထွာချက်များအရ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဧရာဝတီမြစ်ရေသည် ပခုက္ကူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် တစ်ပေကျော်ကျော်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ပခုက္ကူမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။ ဆက်လက်၍ ဧရာဝတီမြစ်ရေသည် ချောက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် တစ်ပေခန့်တွင်ရှိသော်လည်း အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ချောက်မြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်ဟု အသိပေးထားသည်။ အလားတူ ဧရာဝတီမြစ်ရေသည် ဆိပ်သာမြို့တွင် စိုးရိမ်ရေမှတ်အောက် တစ်ပေခန့်တွင်ရှိသော်လည်း နောက်နှစ်ရက်အတွင်း ဆိပ်သာမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

အလားတူ ဧရာဝတီမြစ်ရေသည် ညောင်ဦးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း သုံးလက်မခန့်မြင့်တက်လာကာ ညောင်ဦးမြို့၏ စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်တည်ရှိနေမည်ဖြစ်သည်။ ဧရာဝတီမြစ်ရေသည် ဟင်္သာတမြို့တွင် စိုးရိမ်ရေမှတ်အောက် တစ်ပေကျော်တွင် ရောက်ရှိနေပြီး နောက်သုံးရက်အတွင်း ဟင်္သာတမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်နိုင်သည်။ အဆိုပါတိုင်းထွာချက်များအရ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် သုံးလက်မခန့်တွင်ရှိနေပြီး နောက် ၁၂ နာရီအတွင်း တောင်ငူမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

မြန်မာနိုင်ငံရှိ မြစ်ကြီးလေးသွယ်သည် မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် မြစ်ကြီးအသီးသီး၌ မြစ်ရေများပြည့်လျှံနေပြီး အထက်ဖော်ပြပါမြို့များအနေဖြင့် မြစ်ရေကြီးမှုဖြစ်ပေါ်နိုင်သည့် အခြေအနေများရှိသောကြောင့် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက နေ့စဉ်မပြတ် မြစ်ရေလျှံမှုအခြေအနေများကို အသိပေးလျက်ရှိသည်။ ထို့ကြောင့် ပခုက္ကူမြို့နယ်၊ ချောက်မြို့နယ်၊ ဆိပ်သာမြို့နယ်၊ ညောင်ဦးမြို့နယ်၊ တောင်ငူမြို့နယ်၊ ဟင်္သာတမြို့နယ်တို့တွင် မြစ်ကမ်းအနီး မြေနိမ့်ပိုင်းတွင် နေထိုင်ကြသူပြည်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ပါရန်နှင့် အဆိုပါမြစ်ရေများတက်လာပါက အချိန်မီရှောင်ရှားနိုင်ပါရန် သက်ဆိုင်ရာအဖွဲ့အစည်းများက နေ့စဉ်နှင့်အမျှ ကြိုတင်အသိပေး နှိုးဆော်လျက်ရှိသည်။

မြန်မာနိုင်ငံသည် သဘာဝဘေးအန္တရာယ်အမျိုးမျိုးနှင့် နှစ်စဉ်ရင်ဆိုင်ကြုံတွေ့နေရသောနိုင်ငံဖြစ်သည်။ အထူးသဖြင့် ရေကြီးရေလျှံ သဘာဝဘေးအန္တရာယ်များကို နှစ်စဉ် အနည်းနှင့်အများဆိုသလို ကြုံတွေ့လျက်ရှိသည်။ ပြီးခဲ့သည့် ၂၀၂၃ ခုနှစ်တွင် ရခိုင်ပြည်နယ်၌ မိုခါဆိုင်ကလုန်းမုန်တိုင်းဒဏ်ကို ခံခဲ့ကြရပြီး ၂၀၂၄ ခုနှစ်တွင် မြန်မာပြည်အလယ်ပိုင်း၌ ရာဂီမုန်တိုင်းသက်ရောက်မှုကြောင့် ရေကြီးရေလျှံမှု မြေပြိုမှု သဘာဝဘေးအန္တရာယ်များကို ဆိုးဆိုးရွားရွားကြုံတွေ့ခဲ့ရသည်။ ယခု ၂၀၂၅ ခုနှစ်တွင် အင်အားပြင်းထန်သော မန္တလေးငလျင်ကြီးလှုပ်ခတ်မှုကြောင့် ထိခိုက်ဆုံးရှုံးမှုနှင့် ပျက်စီးမှုများကို ယခုထက်တိုင် ဆောင်ရွက်နေဆဲဖြစ်သည်။

သို့ဖြစ်ရာ သဘာဝဘေးအန္တရာယ်အမျိုးမျိုးတို့ကို လွန်ဆန်နိုင်စွမ်းမရှိသော်လည်း ကျရောက်ခဲ့ဖူးသည့် သဘာဝဘေးအန္တရာယ်များကို သင်ခန်းစာယူဖော်ထုတ်ပြီး ကျရောက်လာနိုင်သော ရေကြီးရေလျှံကဲ့သို့ သဘာဝဘေးအန္တရာယ်များကို နေ့စဉ် အသိပေးထုတ်ပြန်ချက်များအား ဂရုစိုက်မှတ်သားပြီး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားခြင်းအားဖြင့် ထိခိုက်ဆုံးရှုံးမှုအနည်းဆုံးဖြစ်အောင် လျှော့ချနိုင်မည်ဖြစ်ပါကြောင်း။ ။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်)မှ ဒုတိယပါမောက္ခချုပ်(စီမံ) ပါမောက္ခဒေါက်တာကျော်တင့် ကို သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(မန္တလေး)ပါမောက္ခချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## တည်ထောင်ခွင့်ပြုပြီး နိုင်ငံရေးပါတီများ မှတ်ပုံတင်ခွင့် ဆက်လက်လျှောက်ထားလျက်ရှိ

နေပြည်တော် ဇူလိုင် ၁၅

နိုင်ငံရေးပါတီ တည်ထောင်လိုသူများက ယင်းတို့တည်ထောင်လိုသော ပါတီအမည်ကိုဖော်ပြ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လျှောက်ထားလျက်ရှိကြရာ ယနေ့အထိ ပါတီတည်ထောင်ခွင့် လျှောက်ထားလာသည့်အဖွဲ့ ၂၇ ဖွဲ့ရှိပြီး လျှောက်ထားသည့်အဖွဲ့များအနက် နိုင်ငံရေးပါတီ ၁၉ ပါတီကို တည်ထောင်ခွင့်ပြုပြီးဖြစ်သည်။

အဆိုပါ တည်ထောင်ခွင့်ပြုပြီး နိုင်ငံရေးပါတီ ၁၉ ပါတီအနက် ခွန်သန်းမြင့်ခေါင်းဆောင်သည့် **ပအိုဝ်းအမျိုးသားညီညွတ်ရေးပါတီ**က ပါတီတည်ထောင်ခွင့်ပြုသည့် နေ့ရက်မှစ၍ ရက်ပေါင်း ၃၀ အတွင်း နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၇ နှင့်အညီ ကော်မရှင်သို့ ယနေ့တွင် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ပေးပါရန် လျှောက်ထားလာသည်။

ယင်းသို့ မှတ်ပုံတင်ခွင့်ပြုရန် လျှောက်ထားသည့် နိုင်ငံရေးပါတီ ၁၉ ပါတီအနက် ပါတီ ၁၅ ပါတီကို မှတ်ပုံတင်ခွင့်ပြုခဲ့ပြီး ကျန်ပါတီများကို မှတ်ပုံတင်ခွင့်ပြုနိုင်ရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆက်လက်စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ် ထုတ်လွှင့်မည်

နေပြည်တော် ဇူလိုင် ၁၅

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ **"ပြည်သူ့ကြားကပြည်သူ့စကား"** အစီအစဉ်မှ **"ဒလန်၊ သတင်းပေး၊ သူလျှို စတဲ့စွပ်စွဲချက်မျိုးစုံနဲ့ ပြည်သူနဲ့ နိုင်ငံ့ဝန်ထမ်းများစွာကို သတ်ဖြတ်နေတဲ့ NUG လက်အောက်ခံ အကြမ်းဖက် PDF အဖွဲ့"** ခေါင်းစဉ်ဖြင့် ဇူလိုင် ၁၆ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ်ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"နိုင်ငံတကာသို့ သံတမန်ခြေလှမ်းသစ်"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည် ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာထားကြောင်း သိရသည်။

သတင်းစဉ်

## ၁၅ - ၇ -၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၅၈၉၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

သင့်စီးပွားရေးလုပ်ငန်းများအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁၅- ၇ - ၂၀၂၅

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇,၂၀၀ | ၇,၂၀၀ | ၁,၈၉၈ | ၁၃,၆၂၅,၈၀၀ |
| MTSH | ၃,၂၀၀ | ၃,၂၅၀ | ၂၃၆ | ၇၅၅,၂၅၀ |
| MCB | ၇,၄၀၀ | ၇,၄၀၀ | ၀ | ၀ |
| FPB | ၁,၉၅၀ | ၁,၉၅၀ | ၁,၀၆၀ | ၂,၀၆၇,၀၀၀ |
| TMH | ၂,၆၅၀ | ၂,၆၀၀ | ၁,၃၈၆ | ၃,၆၂၂,၆၀၀ |
| EFR | ၁,၆၀၀ | ၁,၇၀၀ | ၆၄၅ | ၁,၀၈၉,၅၀၀ |
| AMATA | ၃,၇၀၀ | ၃,၆၅၀ | ၈၀၉ | ၂,၉၁၃,၂၅၀ |
| MAEX | ၃,၂၀၀ | ၃,၂၀၀ | ၂၀ | ၆၄,၀၀၀ |
| MADPL(PLB) | ၃,၂၀၀ | ၃,၀၅၀ | ၈၂ | ၂၅၂,၅၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းနိုင်
ခေတ္တ စာတည်းမှူး - ဦးအေဝမ်းစိုး
စာတည်းများ - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
themirror.npt@gmail.com
https://www.moi.gov.mm/km
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅

# လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှု မခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

○ ရေဆုံးမှ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဥတ္တရသီရိမြို့နယ် ကျောက်အိုးချောင်းပေါ်တွင် တည်ရှိသည့် ဥတ္တရသီရိ ရေလှောင်တမံသို့ ရောက်ရှိကြရာ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်နှင့် တာဝန်ရှိသူများက ငလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဆည်အတွင်း ရေဝင်ရောက်ရာ လမ်းကြောင်းများ၊ တမံပြန်လည်ပြုပြင်ရန်အတွက် ဘူမိဗေဒတိုင်းတာခြင်း၊ မြေစမ်းသပ်ခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့မှု၊ ရေလှောင်တမံ ရေထုတ်ပြွန်မှ ရေယိုစိမ့်မှုနှင့် မြေသားတမံ၏ ဖို့မြေထိခိုက်ပျက်စီးမှုကို ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုနှင့် ဆောင်ရွက်ပြီးစီးမှုအခြေအနေကို ရှင်းလင်းတင်ပြကြပြီး ဒုတိယဝန်ကြီးချုပ်က သိရှိလိုသည်များ မေးမြန်းဆွေးနွေးကာ လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။





အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း မန္တလေးငလျင်ကြောင့် ပျက်စီးခဲ့သည့် နေပြည်တော်ဥတ္တရသီရိ ရေလှောင်တမံ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရေလှောင်တမံအတွင်းရှိ ထိခိုက်ပျက်စီးခဲ့သည့် ရေလယ်အဆောက်အအုံ ဖယ်ရှားရှင်းလင်းနေမှု၊ အရန်အရေးပေါ် ရေပိုလွှဲ ရေတံခါးတပ်ဆင်၍ ရေလွှဲပေါက်တစ်ခုအဖြစ် ဆောင်ရွက်နေမှုကို လိုက်လံကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါ ရေလှောင်တမံတွင် ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအနေဖြင့် အရန်ရေပိုလွှဲလမ်းကြောင်း ဖော်ထုတ်ခြင်း၊ တမံအတွင်း ရေဝင်လမ်းကြောင်းကို ချောင်းမကြီးဆည်ဘက်သို့ ပေ ၁၃၅၀ တူးဖော်ခြင်း၊ ပင်မရေပိုလွှဲတွင် ရေဝပ်နေရာကို ကွန်ကရစ်လောင်းခြင်း၊ ယာယီရေတားတမံနှင့် မူလတမံအကြား ရှိ ရေနှင့်သဲနုန်းများ စုပ်ထုတ်ရှင်းလင်းခြင်းနှင့် Tower အတွင်း ရေမဝင်အောင် Ring Bund ပတ်၍ လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ကွန်ကရစ် Tower အား ဖြိုဖျက်ခြင်းနှင့် သန့်ရှင်းရေးပြုလုပ်ခြင်း၊ ရေတံခါးဖြုတ်ခြင်း၊ ပျက်စီးခဲ့သည့် ရေထုတ်ပြွန်ကို ကွန်ကရစ်ဖြင့် အပြီး ပိတ်ခြင်း၊ ရေလုံမြေဖြင့် ဖို့၍ ရေရှည်တမံကြံ့ခိုင်မှုရှိစေရန် တမံအရှေ့ဘက်မှ Banquette ဖို့ခြင်း၊ တမံအောက်ဘက် Downstream ဘက်ခြမ်း ထူးပေါက်နှင့် မြေကျွံကျမှုဖြစ်ပေါ်ခဲ့သော နေရာများမှ မြေသားများအား ဖယ်ရှားရှင်းလင်းပြီး တမံဖို့ရန် သတ်မှတ်ထားသည့် မြေအမျိုးအစားဖြင့် သတ်မှတ်ပုံစံအတိုင်း ပြန်လည်ကြိတ်ဖို့ခြင်း၊ ရေလွှဲမြောင်း Diversion Channel နေရာတွင် (၆ x ၈) ပေ အရွယ် ရေတံခါး တစ်ခုကို ကွန်ကရစ်ဖြင့် တည်ဆောက်ခြင်း၊ ကွန်ကရစ်ပိုက်အတွင်း ကွန်ကရစ်လောင်းရန် Conduit ပိုက်အား အပေါက်ဖောက်ခြင်း၊ ပိတ်ဆို့ရမည့်နေရာ တပ်ဆင်နိုင်ရန် Socket ပြုလုပ်ခြင်းနှင့် ရေလွှဲကြောင်းအား ရေတံခါး တပ်ဆင်ရန်အတွက် ဒီဇိုင်းရေးဆွဲခြင်း လုပ်ငန်းများကို ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



နေပြည်တော်ဥတ္တရသီရိ ရေလှောင်တမံ ရေပိုလွှဲကို တွေ့ရစဉ်။

**သောက်သုံးရေ ဖူလုံစွာ ပေးဝေ**

ဥတ္တရသီရိရေလှောင်တမံသည် ရေဆင်းဧရိယာ ဧက ၁၅၀၀၊ တမံအမြင့်ပေ ၆၀၊ တမံအလျား ပေ ၁၁၂၀ ရှိ မြေသားတမံအမျိုးအစားဖြစ်ပြီး ဥတ္တရသီရိမြို့နယ်အတွင်းရှိ ပြည်သူများ သောက်သုံးရေဖူလုံစွာ ပေးဝေနိုင်ရေးအတွက် ၂၀၀၈-၂၀၀၉ ခုနှစ်တွင် တည်ဆောက် ပြီးစီးခဲ့ရာ သက်တမ်းအားဖြင့် ၁၇ နှစ် ရှိပြီဖြစ်ကြောင်း သိရသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အလုပ်သမားဝန်ကြီးဌာနသို့ ရောက်ရှိကြရာ ပြည်ထောင်စု ဝန်ကြီးများဖြစ်ကြသည့် ဦးချစ်ဆွေနှင့် ဦးမျိုးသန့်တို့က ငလျင်ကြောင့် ပျက်စီးခဲ့သည့် ရုံးအဆောက်အအုံနှင့် ရုံးပတ်လမ်း ပြန်လည်တည်ဆောက်ရန် အတွက် မြေသားစမ်းသပ်ခြင်း၊ ကွန်ကရစ်လမ်း နိမ့်ကျွံကွဲအက်ပျက်စီးခဲ့သောနေရာတွင် ၁၂ ပေအကျယ် မြေသားလမ်းခင်းခြင်း၊ သံကူကွန်ကရစ်နှင့် Bored Pile ကျောက်စီမြေကာနံရံ အသစ်တည်ဆောက်ခြင်း၊ ယာယီရေထုတ်မြောင်း တည်ဆောက်ခြင်းနှင့် ဆောင်ရွက်မည့်အခြေအနေကို ရှင်းလင်းတင်ပြကြပြီး ဒုတိယဝန်ကြီးချုပ်က သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် RC မြေထိန်းနံရံများ တည်ဆောက်ရန်အတွက် Bored Pile တူးဖော်နေမှု၊ ရုံးဝင်းအတွင်း Prefabricated Office (၄၀ x ၄၀) ပေနှင့် (၄၀ x ၆၀)ပေများဖြင့် ယာယီရုံးခန်းများ ဖွင့်လှစ်၍ ရုံးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ လျှပ်စစ်ဘေးပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး



**နေပြည်တော် ဇူလိုင် ၁၅**

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပျဉ်းမနားမြို့နယ် သစ်စိမ့်ပင်-ပေါက်ခေါလမ်း ပေါ်ရှိ ကွင်းအမှတ်(၁၇၂၁)နှင့် တာတိုင်ကုန်းရွာ ကွင်းအမှတ်(၁၇၁၁)တို့၌ မိုးရွာသွန်းမှုများသဖြင့် စိုက်ခင်းများအတွင်း ရေဝင်ရောက်မှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ရေအမြန်ဆုံးကျဆင်းအောင် ဆောင်ရွက်ရန် ဆွေးနွေးမှာကြားကာ ရေဝင်ရောက် ပျက်စီးခဲ့သည့် စိုက်ခင်းပိုင်ရှင် တောင်သူများအတွက် မိုးစပါးပြန်လည်စိုက်ပျိုးနိုင်ရန် မျိုးစပါးနှင့် သွင်းအား စုများ ပေးအပ်သည်။

ထို့နောက် နေပြည်တော်ကောင်စီ ဇမ္ဗူသီရိ ခန်းမ၌ ကျင်းပသော နေပြည်တော်အတွင်း အခွန်ရငွေတိုးတက်ရရှိရေး လုပ်ငန်းညှိနှိုင်းအစည်း အဝေးသို့ တက်ရောက်အမှာစကားပြောကြားပြီး တက်ရောက်လာကြသူများက သက်ဆိုင်ရာကဏ္ဍ အလိုက် ဆွေးနွေးတင်ပြကြရာ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

အစည်းအဝေးအပြီးတွင် နေပြည်တော်ကောင်စီ ဥက္ကဋ္ဌသည် အဖွဲ့ဝင်များနှင့်အတူ ငလျင်ဘေးကြောင့် ထိခိုက်ပျက်စီးခဲ့သော ရာဇသင်္ဂဟလမ်းမကြီး လမ်းပိုင်းများ ပြန်လည်ပြုပြင်နေမှုကို လည်းကောင်း၊ ဇမ္ဗူသီရိအထူးကုဆေးရုံကြီးဝင်းအတွင်း Modular House များ ဆောက်လုပ်ထားရှိမှုကို လည်းကောင်း၊ ငလျင်ဘေးကြောင့် ထိခိုက်ပျက်စီးခဲ့သော ဆေးရုံ အဆောက်အအုံများ ပြန်လည်ပြုပြင်ထားရှိမှုနှင့် ကျန်းမာရေးသုံးစက်ကိရိယာများ ပြင်ဆင်အသုံးပြု ဆောင်ရွက်နေမှုတို့ကိုလည်းကောင်း လှည့်လည် ကြည့်ရှုစစ်ဆေးပြီး လိုက်နာဆောင်ရွက်ရန် လိုအပ် သည့် လုပ်ငန်းပိုင်းဆိုင်ရာများကို မှာကြားခဲ့ကြောင်း သိရသည်။

**အောင်သူရဦး(ပြန်/ဆက်)**

---

# ရှာဖွေရေးနှင့်ကယ်ဆယ်ရေးအဖွဲ့ ဖွဲ့စည်းခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ



**ရန်ကုန် ဇူလိုင် ၁၅**

မြန်မာနိုင်ငံကြက်ခြေနီအသင်း နှင့် နော်ဝေနိုင်ငံ ကြက်ခြေနီ အသင်းတို့ ပူးပေါင်းပြုလုပ်သည့် ရှာဖွေရေးနှင့် ကယ်ဆယ်ရေးအဖွဲ့ ဖွဲ့စည်းခြင်းဆိုင်ရာ အလုပ်ရုံ ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့တွင် ရန်ကုန်မြို့ အင်းလျား လိတ်ဟိုတယ်၌ ကျင်းပသည်။

ဦးစွာ မြန်မာနိုင်ငံကြက်ခြေနီ အသင်းဥက္ကဋ္ဌ ပါမောက္ခဒေါက်တာ မျိုးညွန့်က ယခုအလုပ်ရုံဆွေးနွေး ပွဲသည် မြန်မာနိုင်ငံကြက်ခြေနီ အသင်း၏ အမြဲတမ်းလုပ်ငန်းဖြစ် သော ရှေးဦးပြုစုခြင်းနှင့် အရေး ပေါ်လူနာတင်ယာဉ် လုပ်ငန်းများ မှသည် နိုင်ငံတစ်ဝန်း သဘာဝ ဘေးအန္တရာယ်များ ကျရောက်ချိန် သက်ဆိုင်ရာ အဖွဲ့အစည်း အသီးသီးနှင့် ချိတ်ဆက်ကာ အချိန်နှင့်တစ်ပြေးညီ တုံ့ပြန် ဆောင်ရွက်ရာတွင် ရှာဖွေရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းအပိုင်းကို တိုးမြှင့်ဆောင်ရွက်မည့် ကနဦး ခြေလှမ်းဖြစ်ကြောင်း၊ နိုင်ငံတော် အနေဖြင့်လည်း ကူညီကယ်ဆယ် ရေးအပိုင်းကို ပိုမိုလုပ်ဆောင်ရန် အားပေးနေချိန်တွင် မြန်မာနိုင်ငံ ကြက်ခြေနီအသင်း အနေဖြင့် လည်း ယခင်ကတည်းကပင် ကူညီကယ်ဆယ်ရေး ကဏ္ဍများ တွင် ပါဝင်ရာမှ ယခုပိုမိုတိုးမြှင့် ပါဝင်လုပ်ဆောင်နိုင်ရန် ရည်ရွယ် ကာ လိုအပ်မည့် ကိရိယာပစ္စည်း များကို မိတ်ဆက်ခြင်းနှင့် ရှေ့ဆက် လုပ်ဆောင်မည့် လုပ်ငန်းများကို ဆွေးနွေးမည့် အလုပ်ရုံဆွေးနွေးပွဲဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ အပြည်ပြည် ဆိုင်ရာ ကြက်ခြေနီကော်မတီမှ Deputy Head of Delegation & Head of Program and Prevention Mr. Xavier Collard De Macquerh၊ အပြည်ပြည် ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီ အသင်းများ ဖက်ဒရေးရှင်းမှ Head of delegation Ms. Nardia နှင့် နော်ဝေနိုင်ငံ ကြက်ခြေနီ အသင်းမှ Deputy Regional Representative for Asia မှ Mrs. Marian Frances Steven တို့က နှုတ်ခွန်းဆက် စကားများ ပြောကြားကြသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ မြန်မာ နိုင်ငံ ကြက်ခြေနီအသင်း ဒုတိယ ဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်တင်လေး၊ အလုပ်အမှုဆောင်များ၊ နေပြည် တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်း တိုင်းဒေသကြီး၊ မကွေးတိုင်း ဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည် နယ်(တောင်ပိုင်း)နှင့် မွန်ပြည်နယ် ကြက်ခြေနီကြီးကြပ်မှုကော်မတီ များမှ ဥက္ကဋ္ဌများ၊ ကြက်ခြေနီ တပ်ဖွဲ့မှူးများနှင့် တာဝန်ရှိသူများ၊ မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူ များ၊ အသင်း၏ ဒုတိယအထွေထွေ အတွင်းရေးမှူးနှင့် လက်ထောက် အထွေထွေ အတွင်းရေးမှူးများ၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီ နှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်း၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီနှင့် မိတ်ဖက် ကြက်ခြေနီအသင်းများမှ တာဝန် ရှိသူများ၊ အသင်းဌာနချုပ်ရုံးမှ တာဝန်ရှိသူ တက်ရောက်ကြ သည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲ တွင် ရှာဖွေကယ်ဆယ်ရေးဆိုင်ရာ အဆင့်မြင့်နိုင်ငံတကာသုံးပစ္စည်း များ အသုံးပြုပုံနှင့် အသင်း၏ ရှာဖွေကယ်ဆယ်ရေးအဖွဲ့များ အတွက် ကိုက်ညီမည့် စွမ်းဆောင် ရည်မြှင့် အစီအစဉ်များအကြောင်း ကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

# ကျိုက်မရောမြို့နယ်၌ ငလျင်ဘေး အန္တရာယ်ဆိုင်ရာ သရုပ်ပြလေ့ကျင့်

**ကျိုက်မရော ဇူလိုင် ၁၅**

မွန်ပြည်နယ် ကျိုက်မရောမြို့နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ မြို့နယ်မီးသတ်ဦးစီးမှူး ဦးတင်သောင်းဦး ဦးဆောင်၍ သက်ဆိုင်ရာဌာနများ၊ မြို့နယ်ကျန်းမာရေးဝန်ထမ်းများ၊ ကြက်ခြေနီ တပ်ဖွဲ့ဝင်များ၊ အသင်းအဖွဲ့များ ပူးပေါင်းပါဝင်သည့် အဖွဲ့များက ငလျင်ဘေးအန္တရာယ်ဆိုင်ရာ သရုပ်ပြလေ့ကျင့်ခြင်းကို ယနေ့မွန်းလွဲပိုင်း က အထက(ကျိုက်မရော)ကျောင်းဝင်းအတွင်း၌ ပြုလုပ်သည်။

ဦးစွာ မြို့နယ်မီးသတ်ဦးစီးမှူး ဦးတင်သောင်းဦးက သဏ္ဍာန်တူ ဇာတ်တိုက်လေ့ကျင့်ခြင်းတွင် ကျောင်းသား ကျောင်းသူများက ငလျင် လှုပ်ခတ်နေစဉ် ကြမ်းပြင်လှုပ်ရမ်းမှုကြောင့် ဝပ်နေခြင်း၊ ခန္ဓာကိုယ် ထိခိုက်မှုမရှိစေရန် အကာအကွယ်ယူခြင်း၊ ငလျင်လှုပ်ခတ်ပြီးနောက် အဆောက်အအုံအတွင်းမှ ဘေးလွတ်ရာသို့ ထွက်ခွာခြင်း၊ မီးသတ်တပ်ဖွဲ့ ဝင်များက ပိတ်မိနေသူများကို ကယ်ဆယ်ရေးပစ္စည်းများ အသုံးပြု၍ ရှာဖွေကယ်ဆယ်ခြင်း၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် လူမှုရေးအသင်း များက လူနာများအား လူနာတင်ယာဉ်အသုံးပြု၍ဆေးရုံသို့ ပို့ဆောင် ခြင်းများကို အဖွဲ့များပူးပေါင်း၍ ဆောင်ရွက်ခဲ့သည်။

အဆိုပါ ငလျင်ဘေးအန္တရာယ်ဆိုင်ရာ ဇာတ်တိုက်လေ့ကျင့်ခြင်းသို့ ကျောင်းသား ကျောင်းသူ ၁၃၅ ဦး၊ ဌာနဆိုင်ရာများ၊ မီးသတ်တပ်ဖွဲ့ဝင် များ စုစုပေါင်း ၁၈ဝ တို့က လက်တွေ့သရုပ်ပြဇာတ်တိုက်လေ့ကျင့်ခဲ့ ကြောင်း သိရသည်။

**ကျိုက်မရော(ပြန်/ဆက်)**



---

# တပ်ကုန်းမြို့နယ်၌ ငလျင်ဘေးသင့်ခံရသည့် နေအိမ်တစ်စိတ်တစ်ပိုင်းပျက်စီး အိမ်ထောင်စုများအား ထောက်ပံ့ငွေပေးအပ်



**တပ်ကုန်း ဇူလိုင် ၁၅**

ပြည်ထောင်စုနယ်မြေ နေပြည်တော်တပ်ကုန်းမြို့နယ်တွင် ငလျင် ဘေးသင့်ခံရသည့် နေအိမ်တစ်စိတ်တစ်ပိုင်းပျက်စီး အိမ်ထောင်စုများ အား ထောက်ပံ့ငွေပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းက မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပ သည်။

ထောက်ပံ့ငွေပေးအပ်ပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်သူနှင့်အဖွဲ့ဝင်များ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည် နေရာချထားရေးဝန်ကြီးဌာန၊ နေပြည်တော်ဘေးအန္တရာယ်ဆိုင်ရာ စီမံ ခန့်ခွဲမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးစဝီလီဖရန့်၊ ခရိုင်ဘေးအန္တရာယ် ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်မိုးလွင်နှင့်ဝန်ထမ်းများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ငလျင်ဘေးသင့် အိမ်ထောင်စုပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်သူ က သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့် ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းပြောကြားပြီး မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ညွှန်ကြားရေးမှူး ဦးစဝီလီဖရန့်နှင့် တာဝန် ရှိသူများက ငလျင်ဘေးသင့် တစ်စိတ်တစ်ပိုင်းပျက် အိမ်ထောင်စု ၂၇၄၄ စုအတွက် အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် ၅ဝဝဝဝ နှုန်းဖြင့် ပြည်သူ များ လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## စည်းကမ်းရှိဖို့လို

လွတ်လပ်ရေးဆိုတဲ့ အဓိပ္ပာယ်ဟာ စည်းမဲ့ကမ်းမဲ့ သဘောမျိုးမဟုတ်ဘူး။ စည်းနဲ့ ကမ်းနဲ့ သဘောမျိုးသာဖြစ်တယ်။ စည်းနဲ့ကမ်းနဲ့ရှိမှသာလျှင် လွတ်လပ်ရေးဆိုတာ ဖြစ်နိုင်တယ်။ လွတ်လပ်ရေးရတဲ့အခါမှာ ငါတို့တိုင်းပြည်ဟာ ပိုပြီးစည်းကမ်းရှိဖို့လိုတယ်။ ငါတို့တိုင်းပြည်ဟာ လွတ်လပ်ရေးရအောင်လည်းပဲ စည်းကမ်းရှိရှိနဲ့ လုပ်ရမယ်။

*(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၇ ခု၊ ဇူလိုင်လ ၁၃ ရက်နေ့ မြို့တော်ခန်းမတွင် ကျင်းပသော ပြည်သူ့အစည်းအဝေးကြီး၌ ပြောကြားခဲ့သည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)*



# မြန်မာနိုင်ငံ မျိုးစေ့ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ



နေပြည်တော် ဇူလိုင် ၁၅

မြန်မာနိုင်ငံမျိုးစေ့ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိစိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး စုဝေးဆောင်ခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က ခိုင်မာသော မျိုးစေ့လုပ်ငန်းတစ်ခုဟူသည် အရည်အသွေးပြည့်မီသော မျိုးစေ့များကို လိုအပ်သောအချိန်၊ လိုအပ်သောနေရာတွင် လိုအပ်သောပမာဏကို တောင်သူလယ်သမားများနှင့် စိုက်ပျိုးထုတ်လုပ်သူများ ရရှိအသုံးပြုနိုင်ရန် ဆောင်ရွက်ပေးနိုင်ခြင်းဖြစ်ကြောင်း၊ လက်ရှိ စိုက်ပျိုးရေးလုပ်ငန်းများအတွက် ပြည်တွင်း၌ထုတ်လုပ်ခြင်းနှင့် ပြည်ပမှတင်သွင်းခြင်း နည်းလမ်းများဖြင့် မျိုးစေ့ဖူလုံမှုကို ဆောင်ရွက်နေသော်လည်း ရေရှည်တွင် သီးနှံစုံစိုက်ပျိုးရေးအတွက် လိုအပ်သော မျိုးစေ့များကို မိမိတို့နိုင်ငံ၏ ကွဲပြားခြားနားသည့် ရေ၊ မြေ၊ ရာသီဥတု အနေအထားအရ မျိုးစေ့ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် ဆောင်ရွက်ပြီး ပြည်တွင်းမျိုးစေ့ လိုအပ်ချက်ကို လုံလောက်စွာ ဖြည့်ဆည်းပေးနိုင်ရေးအပြင် တဖြည်းဖြည်းကြီးမားလာလျက်ရှိသည့် ကမ္ဘာ့မျိုးစေ့ဈေးကွက်ရှိ ဒေသတွင်းနိုင်ငံများ၏ မျိုးစေ့ဈေးကွက်ကို မျှဝေရယူနိုင်မည့် အခွင့်အလမ်းများအရ ပြည်တွင်းမျိုးစေ့ထုတ်လုပ်ခြင်းလုပ်ငန်းကို အရှိန်အဟုန်မြှင့်တင်ဆက်လက်ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း။

အနာဂတ်ကာလတွင် မျိုးစေ့ထုတ်လုပ်တင်ပို့ခြင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် မျိုးစေ့ထုတ်လုပ်တင်ပို့သည့် နိုင်ငံအဖြစ် ပေါ်ထွန်းလာစေရန် လိုအပ်သော ပြင်ဆင်မှု၊ ဖြေလျှော့မှု၊ ပံ့ပိုးကူညီမှုများကို ဖန်တီးပေးခြင်း၊ မျိုးစေ့ထုတ်လုပ်ငန်း ဆောင်ရွက်နေကြသော အဖွဲ့အစည်းများ၊ ပုဂ္ဂလိကကုမ္ပဏီများ တောင်သူများအနေဖြင့်လည်း တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာဆောင်ရွက်ပြီး မျိုးစေ့ထုတ်လုပ်ငန်းများ ရေရှည်တည်တံ့စေရန်နှင့် စံချိန်စံညွှန်းနှင့်ကိုက်ညီပြီး ဒေသအလိုက်အောင်မြင်ဖြစ်ထွန်းမှုရှိသော အရည်အသွေးကောင်းမျိုးစေ့များ ထုတ်လုပ်ဖြန့်ဖြူးသွားနိုင်ရေး ကြိုးပမ်းကြရန် လိုကြောင်း၊ သို့မှသာ တောင်သူလယ်သမားများနှင့် မျိုးစေ့ထုတ်လုပ်ငန်းစဉ်တွင် ပါဝင်ပတ်သက်သူများ သာမက နိုင်ငံတော်အတွက်ပါ များစွာအကျိုးကျေးဇူးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း ပြောကြားသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက မြန်မာ့မျိုးစေ့ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၏ အရေးပါမှုကို တင်ပြပြီး သက်ဆိုင်ရာ ပညာရှင်များက မျိုးစေ့ ဥပဒေ၊ စည်းမျဉ်းများနှင့် လက်ရှိအကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ မျိုးစေ့ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုနှင့် အလေ့အကျင့်ကောင်းများ၊ မြန်မာ့မျိုးစေ့သုတေသနနှင့် မျိုးကွဲသစ်များဖော်ထုတ်ခြင်း၊ မြန်မာနိုင်ငံမျိုးစေ့အသင်း ဥက္ကဋ္ဌနှင့် ပုဂ္ဂလိကကဏ္ဍမှ တာဝန်ရှိသူများက ပုဂ္ဂလိကကဏ္ဍ၏ မြန်မာ့မျိုးစေ့ကဏ္ဍဖွံ့ဖြိုးရေးနှင့် ရင်ဆိုင်နေရသော စိန်ခေါ်မှုများ၊ မျိုးစေ့လုပ်ငန်းနှင့်စပ်လျဉ်း၍ အခက်အခဲများ၊ တောင်သူတစ်ဦးက တောင်သူများ မျိုးကောင်း မျိုးသန့် မျိုးစေ့ရရှိသုံးစွဲမှုနှင့် ရင်ဆိုင်ရသည့် အခြေအနေများကို တင်ပြဆွေးနွေးကြသည်။

အုပ်စုအလိုက်ဆွေးနွေးခြင်းတွင် မျိုးစေ့ဥပဒေနှင့် မူဝါဒ၊ မျိုးစေ့ထုတ်လုပ်မှုနှင့် အရည်အသွေး၊ မျိုးစေ့ဖြန့်ဖြူးမှုနှင့် ဈေးကွက်၊ မျိုးစေ့သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အုပ်စု(၄)ခုခွဲ၍ ဆွေးနွေးပြီး အုပ်စုကိုယ်စားလှယ်များက ဆွေးနွေးချက်ရလဒ်များကို ပြန်လည်တင်ပြဆွေးနွေးကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံ မျိုးစေ့ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေးပွဲတွင် ဝန်ကြီးဌာနမှ မျိုးစေ့ပညာရှင်များနှင့် ပုဂ္ဂလိကကဏ္ဍမှ မျိုးစေ့ပညာရှင်များ ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။

မြန်မာ့မျိုးစေ့ကဏ္ဍ၏ လက်ရှိအခြေအနေကို နားလည်သဘောပေါက်ရန်နှင့် အဓိကစိန်ခေါ်မှုများကို ဖော်ထုတ်ရန်၊ မျိုးစေ့ထုတ်လုပ်မှု၊ အရည်အသွေးထိန်းချုပ်မှုနှင့် ဖြန့်ဖြူးမှုဆိုင်ရာ သုံးသပ်ချက်များကို သိရှိစေရန်၊ အစိုးရ၊ ပုဂ္ဂလိကနှင့် တောင်သူ အဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်မှုဝေတာဝန်ယူခြင်းအားဖြင့် သီးနှံများ အထွက်တိုးရေးကို အထောက်အကူဖြစ်စေရန်၊ မျိုးစေ့ကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်တွေ့ကျသည့် မူဝါဒအကြံပြုချက်များ ချမှတ်ရန် ရည်ရွယ်ကျင်းပသည့် အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဌာနတာဝန်ရှိသူများ၊ မြန်မာနိုင်ငံမျိုးစေ့အသင်း၊ မျိုးစေ့ထုတ်ကုမ္ပဏီများနှင့် မျိုးစေ့ထုတ်တောင်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# ရေကြည်မြို့နယ်၌ ခြောက်တန်းသွား ကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်း သရုပ်ပြ

ရေကြည် ဇူလိုင် ၁၅

ဧရာဝတီတိုင်း ဒေသကြီး ရေကြည်မြို့နယ် ဇရပ်ကျေးရွာ တောင်သူ ဦးခင်မောင်ထွန်း၏ လယ်မြေ ၁၀ ဧက၌ ၂၀၂၅-၂၀၂၆ ခုနှစ် မိုးစပါးရာသီ ကူဘိုတာ ခြောက်တန်းသွား ကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်းကွင်းသရုပ်ပြပွဲကို ယနေ့နံနက်ပိုင်းက ပြုလုပ်သည်။

ဦးစွာ မြို့နယ်စိုက်ပျိုးရေး ဦးစီးမှူး ဦးကျော်ထွန်းလင်းက မိုးစပါးစိုက်ပျိုးချိန်တွင် စိုက်ပျိုးနည်းစနစ်မှန်ကန်ပြီး တစ်ဧကအထွက်နှုန်း တိုးတက်စေရန်၊ တောင်သူများ လယ်ယာသုံးစက်ကိရိယာများကို တွင်ကျယ်စွာ အသုံးပြုလာရန်၊ အချိန်တိုအတွင်း ဧကများစွာကို စိုက်ပျိုးနိုင်ခြင်းနှင့် စပါးအထွက်နှုန်းကောင်းမွန်ခြင်း စသည့် ကောင်းကျိုးများစွာရရှိနိုင်သည့်အတွက် တောင်သူပညာပေး ဆောင်ရွက်ခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။



အဆိုပါ သရုပ်ပြပွဲသို့ ကျုံပျော်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစောထွန်းဝင်းနှင့် အဖွဲ့ဝင်များ၊ ခရိုင် စိုက်တိုးမြှင့်အဖွဲ့ဝင်များ၊ မြို့နယ်စိုက်တိုးမြှင့်အဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ စိုက်ပျိုးရေးဝန်ထမ်းများနှင့် ဒေသခံတောင်သူများက စိတ်ပါဝင်စားစွာ လာရောက်ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ညောင်ဦးခရိုင် အဆိုပြုလုပ်ငန်းစီမံကိန်းများ စိစစ်အတည်ပြုရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးပြုလုပ်

ညောင်ဦး ဇူလိုင် ၁၅

မန္တလေးတိုင်း ဒေသကြီး ညောင်ဦးခရိုင် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အဆိုပြု လုပ်ငန်းစီမံကိန်းများ စိစစ်အတည်ပြုရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ခရိုင်အစည်းအဝေးခန်းမ၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။

လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် ခရိုင်စီမံကိန်းရေးဆွဲ အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဦးကျော်မင်းညိုက အမှာစကားပြောကြားပြီး ခရိုင်စီမံကိန်းရေးဆွဲ အကောင်အထည်ဖော်ရေးကော်မတီ အတွင်းရေးမှူး ဦးစံထွေးမောင်က ၂၀၂၆- ၂၀၂၇ ဘဏ္ဍာနှစ်အဆိုပြုလုပ်ငန်းစီမံကိန်းများအပေါ် ရှင်းလင်းတင်ပြသည်။ ထို့နောက်သက်ဆိုင်ရာဌာနတာဝန်ရှိသူများက ကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးတင်ပြသည်။ ယင်းနောက် ခရိုင်စီမံကိန်းရေးဆွဲ အကောင်အထည်ဖော်ရေးကော်မတီဥက္ကဋ္ဌက သက်ဆိုင်ရာ ဌာနဆိုင်ရာများမှတင်ပြလာသည့် လုပ်ငန်းများကို စိစစ်ပြီး တိုင်းဒေသကြီးသို့ ဆက်လက်တင်ပြသွားမည်ဖြစ်ကြောင်း သိရသည်။



အဆိုပါ လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ ညောင်ဦးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်မင်းညိုနှင့် ခရိုင်စီမံအဖွဲ့ဝင်များ၊ ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ ညောင်ဦးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းလှိုင်းတင့်၊ ကျောက်ပန်းတောင်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန်းလွင်နှင့် သက်ဆိုင်ရာ ဌာနဆိုင်ရာများ တက်ရောက်ခဲ့ကြောင်း သိရသည်။

ဒီပါလင်း

# ဗိုလ်ချုပ်အောင်ဆန်းပြတိုက် (သို့မဟုတ်) နှလုံးသားထဲ ရှင်သန်နေသော သမိုင်းမှတ်တမ်းများ

**သီသီသောင်း (အမျိုးသားပြတိုက် - ရန်ကုန်)**

အထိမ်းအမှတ်ပြတိုက်ဟူသည် လူ့ဘောင်အတွင်း မျှဝေခံစားရသော ဝမ်းနည်းမှုများ၊ အောင်မြင်မှုများနှင့် ဆုံးရှုံးမှုများကို နှောင်းလူတို့ သိရှိနိုင်စေရန် ခင်းကျင်းပြသခြင်းဖြင့် လူသားများအကြား နားလည်မှု၊ စာနာမှု၊ လွမ်းဆွတ်သတိရမှုစသည့် စိတ်ပိုင်းဆိုင်ရာ ခံစားမှုများကိုလည်း ပေးစွမ်းနိုင်စေသကဲ့သို့ သမိုင်းတစ်လျှောက် နိုင်ငံ၏ အရေးကြီးသည့်အဖြစ်အပျက်များ၊ နိုင်ငံအတွက် လေးစားဂုဏ်ယူရသည့်ပုဂ္ဂိုလ်တို့၏ မှတ်တမ်းအထောက်အထားများကို မျိုးဆက်သစ်များအတွက် သင်ခန်းစာယူရမည့် လေ့လာမှတ်သားသင်ယူရန် အရင်းအမြစ်နေရာတစ်ခုလည်း ဖြစ်ပါသည်။

ဗိုလ်ချုပ်အောင်ဆန်းပြတိုက်၌ မြန်မာ့လွတ်လပ်ရေးဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်း၏ မိသားစုများ အသုံးပြုခဲ့သည့်ပစ္စည်းများ၊ မှတ်တမ်းများ၊ ဓာတ်ပုံများကိုပြသထားပြီး ဗိုလ်ချုပ်၏ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်နှင့် မိသားစုဘဝခံစားမှုများကို သတိရအောက်မေ့စေကာ အထူးသဖြင့် တိုင်းပြည်အတွက် ဗိုလ်ချုပ်၏အသက်သွေးဖြင့် ဆောင်ရွက်ခဲ့မှုများကို မျိုးဆက်သစ်များ သိရှိနိုင်စေရန် ခင်းကျင်းပြသထားပါသည်။

ဗိုလ်ချုပ်အောင်ဆန်းပြတိုက်(ရန်ကုန်)သည် အမှတ်(၂၅) ဗိုလ်ချုပ်ပြတိုက်လမ်း (ယခင်တာဝါလိန်းလမ်း) ဗိုလ်ချို(၁)ရပ်ကွက် ဗဟန်းမြို့နယ်တွင် တည်ရှိပြီး ဗိုလ်ချုပ်အောင်ဆန်းအိမ် ထိပ်ပိုင်းရှိ တာဝါ (Tower) ကိုအစွဲပြု၍ လမ်းအမည်မှာ "တာဝါလိန်းလမ်း"ဟု ခေါ်ဝေါ်ခဲ့ရာမှ ဗိုလ်ချုပ်ပြတိုက်လမ်းသို့ ပြောင်းလဲခေါ်ဝေါ်ခဲ့ခြင်းဖြစ်ပါသည်။ မြေအကျယ်အဝန်းမှာ ၂ ဒသမ ၄၂၃ ဧကရှိပြီး ဘဲဥပုံသဏ္ဌာန်မြေကွက်တွင် ၁၉၂၀ ပြည့်နှစ်က ဥရောပပုံစံဖြင့် ဆောက်လုပ်ထားသော ၁၈ ပေမြင့် တောင်ကုန်းပေါ်ရှိ အဆောက်အအုံပင်ဖြစ်ပါသည်။

**ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်မှာ**

အာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ လွတ်လပ်ရေးအတွက် သက်စွန့်ကြိုးပမ်းဆောင်ရွက်မှုများ၊ အာဇာနည်စိတ်၊ တိုင်းပြည်ချစ်စိတ်၊ မျိုးချစ်စိတ်တို့ကို မျိုးဆက်သစ်လူငယ်များ သိရှိစေရန်၊ လွတ်လပ်ရေး၏တန်ဖိုးကို သိမြင်နိုင်စေရန် ရည်ရွယ်ပြီး ပြတိုက်အဖြစ် ဖွင့်လှစ်ထားခြင်းဖြစ်သည်။



ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်။

ဗိုလ်ချုပ်အောင်ဆန်းသည် ဤအိမ်တွင် မိသားစုနှင့်အတူ ၁၉၄၅ ခုနှစ်မှ ၁၉၄၇ ခုနှစ် ဇူလိုင်လအထိ နေထိုင်ခဲ့ပါသည်။ ဗိုလ်ချုပ်ကျဆုံးပြီးနောက် မိသားစုဝင်များ ဆက်လက်နေထိုင်ခဲ့သော်လည်း ၁၉၅၃ ခုနှစ် ဇန်နဝါရီလ ၁၆ ရက်နေ့တွင် သားလတ် အောင်ဆန်းလင်းမှာ အိမ်ရှေ့ရှိရေကန်တွင် ရေနစ်သေဆုံးပြီးနောက် မည်သူမျှ ဆက်လက်နေထိုင်ခြင်း မရှိတော့ပါ။

၁၉၅၅ ခုနှစ် ဇူလိုင်လ ၂၀ ရက်နေ့တွင် ယဉ်ကျေးမှုဗိမာန် ညွှန်ကြားရေးဝန် ဦးသာမြတ်၊ ယဉ်ကျေးမှုဝန်ကြီးဌာန အကြံပေးအရာရှိ Dr. Nibarran Rays၊ အမျိုးသားပြတိုက်မှူး ဒေါ်ညွန့်ဟန်နှင့် ဌာနဆိုင်ရာအဖွဲ့ဝင်များက ရန်ကုန်မြို့ တာဝါလိန်းလမ်း အမှတ် (၂၅) ရှိ ဗိုလ်ချုပ်နေထိုင်ခဲ့သောနေအိမ်ကို သွားရောက်လေ့လာခဲ့ကာ အများပြည်သူ ကြည့်ရှုနိုင်ရေးအတွက် အထိမ်းအမှတ်ပြတိုက် (Memorial Museum) အဖြစ် ဖွင့်လှစ်နိုင်ရန် ကြိုးစားစီစဉ်ဆောင်ရွက်ခဲ့ကြပါသည်။

၁၉၅၇ ခုနှစ် စက်တင်ဘာလ ၉ ရက်နေ့တွင် နိုင်ငံတော်အစိုးရက ဗိုလ်ချုပ်ကတော် ဒေါ်ခင်ကြည်ထံမှ အထိမ်းအမှတ်ပြတိုက် ဖွင့်လှစ်ပြသနိုင်ရန်အတွက် ပရိဘောဂပစ္စည်း ၅၃ မျိုး၊ အသုံးအဆောင်ပစ္စည်း ၉၁ မျိုးကို ပြတိုက်ပစ္စည်းများအဖြစ် ဝယ်ယူစုဆောင်းရရှိခဲ့ပါသည်။ ၎င်းတို့ထဲတွင် ဗိုလ်ချုပ်အောင်ဆန်း အသုံးပြုခဲ့သည့် အင်္ဂလန်နိုင်ငံထုတ် ကားနံပါတ် RG– 2874 Wolseley အမျိုးအစားကားကို တန်ဖိုးငွေကျပ် ၁၀၀၀၀၊ ဗိုလ်ချုပ်အသုံးပြုခဲ့သည့် အင်္ဂလန်နိုင်ငံထုတ် Phillip Radio ကို တန်ဖိုးငွေကျပ် ၇၀၀ အပါအဝင် ဝယ်ယူစုဆောင်းရရှိသောပစ္စည်းများ၏ တန်ဖိုးမှာ ၂၂၈၂၂ ကျပ်ဖြစ်ပြီး ၎င်းပြသပစ္စည်းများကို ဗိုလ်ချုပ်ကတော်ကိုယ်တိုင် လာရောက်ကာ မိသားစုနှင့်အတူ နေထိုင်ခဲ့စဉ်က အတိုင်း ပုံစံမပျက် နေရာချထား ခင်းကျင်းပေးခဲ့ကြောင်း သိရှိရပါသည်။ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဦးချစ်သောင်း တာဝန်ယူစဉ်ကာလဖြစ်သော ၁၉၆၀ ပြည့်နှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် သတင်းစာရှင်းလင်းပွဲပြုလုပ်ပြီး ဗိုလ်ချုပ်အောင်ဆန်းပြတိုက်ကို အများပြည်သူအား စတင်ဖွင့်လှစ်ပြသခဲ့ခြင်းဖြစ်ပါသည်။

ဗိုလ်ချုပ်အောင်ဆန်းပြတိုက်တွင် ၁၉၄၅ ခုနှစ်မှ ၁၉၄၇ ခုနှစ် ဗိုလ်ချုပ်ကျဆုံးသည်အထိ အသုံးပြုသွားခဲ့သည့် အင်္ဂလန်နိုင်ငံထုတ် Wolseley အမျိုးအစား ကားနံပါတ် RG–2874 မော်တော်ကားပြကွက်၊ ဗိုလ်ချုပ်ထမင်းစားခန်း၊ ဗိုလ်ချုပ်နေအိမ်၏ဧည့်ခန်း၊ ဗိုလ်ချုပ်ဇနီးမောင်နှံအိပ်ခန်း၊ ဘုရားဆောင်၊ စာကြည့်ခန်း၊ ကလေးများအိပ်ခန်း၊ မီးဖိုခန်း၊ ဗိုလ်ချုပ်၏ ဒုတိယသားအောင်ဆန်းလင်း ရေနစ်သောရေကန်၊ ဗိုလ်ချုပ်အောင်ဆန်း စိုက်ပျိုးရေးလုပ်နေဟန် စိုက်ခင်းပြကွက်များကို စိတ်ဝင်စားဖွယ်ပြသထားပါသည်။ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်၏ သက်တမ်းမှာ နှစ် ၁၀၀ ကျော်ပြီဖြစ်သောကြောင့် ဘုရားခန်း၏ ရေရှည်ကြံ့ခိုင်မှုကို ထိန်းသိမ်းသည့်အနေဖြင့် ဧည့်သည်များအား တက်ရောက်လေ့လာခွင့်မပြုတော့ပါ။

**ဗိုလ်ချုပ်အောင်ဆန်း၏ သမိုင်းကြောင်းကို အကြမ်းဖျင်းဖော်ပြရသော်–**

ဗိုလ်ချုပ်အောင်ဆန်းကို ၁၉၁၅ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက် (မြန်မာသက္ကရာဇ် ၁၂၇၆ ခု တပေါင်းလဆန်း ၁ ရက်) စနေနေ့ နံနက် ၃ ချက်တီးအချိန်တွင် မကွေးတိုင်း နတ်မောက်မြို့ မြို့သူကြီးအိမ်၌ သန့်စင်ဖွားမြင်၍ ဇာတာတွင် ထိန်လင်းဟု အမည်ရေးသော်လည်း အစ်ကိုဖြစ်သူ အောင်သန်းနှင့် လိုက်ဖက်အောင် အောင်ဆန်းဟု ခေါ်တွင်ခဲ့သည်။

၁၉၂၂ ခုနှစ် အသက်ခုနစ်နှစ်အရွယ်တွင် နတ်မောက်မြို့ ဆရာတော်ဦးသောဘိတထံမှ မူလတန်းပညာ စတင်သင်ကြားခဲ့ကာ ၁၉၃၂ ခုနှစ်တွင် ရေနံချောင်း အမျိုးသားအထက်တန်းကျောင်းမှ အထက်တန်းအောင်ကာ ရန်ကုန်တက္ကသိုလ်သို့ တက်ရောက်ခဲ့သည်။

၁၉၃၇ ခုနှစ်တွင် အင်္ဂလိပ်စာပေ၊ ခေတ်သစ်အနောက်တိုင်းရာဇဝင်ဘာသာရပ်၊ နိုင်ငံရေးသိပ္ပံဘာသာရပ်များဖြင့် တက္ကသိုလ်မှ ဝိဇ္ဇာတန်းအောင်မြင်ကာ ၁၉၃၇–၁၉၃၈ ခုနှစ်တွင် ကိုအောင်ဆန်းက ဥပဒေပညာကို ဆည်းပူးလိုသောကြောင့် ဘီအယ်လ်တန်း ပထမနှစ်ကို တက်ရောက်သင်ကြားသည်။

**စာမျက်နှာ ၇ သို့** ☆

> **❛၁၉၅၇ ခုနှစ် စက်တင်ဘာလ ၉ ရက်နေ့တွင် နိုင်ငံတော်အစိုးရက ဗိုလ်ချုပ်ကတော် ဒေါ်ခင်ကြည်ထံမှ အထိမ်းအမှတ်ပြတိုက် ဖွင့်လှစ်ပြသနိုင်ရန်အတွက် ပရိဘောဂပစ္စည်း ၅၃ မျိုး၊ အသုံးအဆောင်ပစ္စည်း ၉၁ မျိုးကို ပြတိုက်ပစ္စည်းများအဖြစ် ဝယ်ယူစုဆောင်းရရှိခဲ့ပါသည်။ ၎င်းတို့ထဲတွင် ဗိုလ်ချုပ်အောင်ဆန်း အသုံးပြုခဲ့သည့် အင်္ဂလန်နိုင်ငံထုတ် ကားနံပါတ် RG-2874 Wolseley အမျိုးအစားကားကို တန်ဖိုးငွေကျပ် ၁၀၀၀၀၊ ဗိုလ်ချုပ်အသုံးပြုခဲ့သည့် အင်္ဂလန်နိုင်ငံထုတ် Phillip Radio ကို တန်ဖိုးငွေကျပ် ၇၀၀ အပါအဝင် ဝယ်ယူစုဆောင်းရရှိသော ပစ္စည်းများ၏တန်ဖိုးမှာ ၂၂၈၂၂ ကျပ်ဖြစ်❜**

☆ စာမျက်နှာ ၆ မှ

၁၉၃၈–၁၉၃၉ ခုနှစ်တွင် ဘီအယ်လ်တန်း နောက်ဆုံးနှစ်ကို တက်ရောက်သင်ကြားစဉ် နိုင်ငံရေးလောကသို့ ခြေစုံပစ်ဝင်ရန် အားယူနေပြီ ဖြစ်ပါသည်။

၁၉၃၈ ခုနှစ် နိုဝင်ဘာလ ၃ ရက်နေ့တွင် ရန်ကုန်တက္ကသိုလ် သမဂ္ဂဥက္ကဋ္ဌအဖြစ်မှ လည်းကောင်း၊ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂဥက္ကဋ္ဌအဖြစ်မှ လည်းကောင်း နုတ်ထွက်၍ ကိုအောင်ဆန်းသည် တို့ဗမာအစည်းအရုံးဝင် သခင် တစ်ယောက်အဖြစ် နိုင်ငံရေးလောကသို့ ခြေစုံပစ်၍ ဝင်ခဲ့လေတော့သည်။

၁၉၄၂ ခုနှစ် စက်တင်ဘာလ ၆ ရက်နေ့ မွန်းလွဲ ၂ နာရီတွင် ဘီအိုင်အေဆေးရုံကြီး အရှေ့မြောက် အစွန်ဆုံးရှိ ခန်းမဆောင်၌ ဒေါ်ခင်ကြည်နှင့် လက်ထပ်မင်္ဂလာပွဲကျင်းပကာ ၁၉၄၂ ခုနှစ် စက်တင်ဘာလ ၇ ရက် တနင်္လာနေ့ (၁၃၀၄ ခု ဝါခေါင်လပြည့်ကျော် ၁၂ ရက် တနင်္လာနေ့) ညနေ ၅ နာရီတွင် ရန်ကုန်မြို့ မင်တိုမင်ရှင်ဟိုတယ် (Nippon Military Club) တွင် မင်္ဂလာညစာစားပွဲ ပြုလုပ်ခဲ့ပါသည်။

၁၉၄၃ ခုနှစ် ဇွန်လ ၁၃ ရက်နေ့တွင် သားဦးလေး အောင်ဆန်းဦး၊ ၁၉၄၄ ခုနှစ် မေလ ၁၀ ရက်နေ့တွင် ဒုတိယသား အောင်ဆန်းလင်း၊ ၁၉၄၅ ခုနှစ် ဇွန်လ ၁၉ ရက်နေ့တွင် တတိယသမီး အောင်ဆန်းစုကြည် တို့ကို မွေးဖွားခဲ့ပါသည်။ ၁၉၄၆ ခုနှစ် စက်တင်ဘာလ ၂၂ ရက်နေ့တွင် သမီးထွေးလေး မွေးဖွားသော်လည်း ၅ ရက် သမီးဘဝဖြင့် ကွယ်လွန်ခဲ့ပါသည်။

၁၉၃၉ ခုနှစ် ဇန်နဝါရီလ ၉ ရက် ညနေ ၁၅:၃၀ နာရီတွင် ရွှေတိဂုံစေတီ အလယ်ပစ္စယံ၌ မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားထုအစည်းအဝေးကို ကျင်းပရာ သပိတ်မှောက်အလုပ်သမား ပေါင်း ၅၀၀ ကျော် တက်ရောက်သည်။ ၁၉၃၉ ခုနှစ် ဇန်နဝါရီလ ၂၃ ရက်နေ့တွင် ဗြိတိသျှအစိုးရက ရန်ကုန်အရေးတကြီး လုံခြုံရေးအက်ဥပဒေအရ သခင်အောင်ဆန်းမှာ ဖမ်းဆီးခြင်းခံရပြီး ထောင် ၁၅ ရက်ကျခဲ့သည်။

၁၉၄၀ ပြည့်နှစ် ဩဂုတ်လ ၈ ရက်နေ့ ညနေ ၅ နာရီတွင် သခင်အောင်ဆန်းနှင့် သခင်လှမြိုင် တို့သည် တရုတ်ကွန်မြူနစ်ပါတီနှင့် ဆက်သွယ်ရန် နော်ဝေပိုင် ဟိုင်လီ(Hai Lee) သင်္ဘောဖြင့် တရုတ်နိုင်ငံ အမွိုင်မြို့သို့ ထွက်ခွာခဲ့သည်။

၁၉၄၁ ခုနှစ် ဖေဖော်ဝါရီလ ၁၅ ရက်နေ့တွင် သခင်အောင်ဆန်းနှင့် မစ္စတာစုအိဂိ (Mr.Sugii) တို့သည် ရှွန်းတင်းမာရူး(Shunten Maru) ကုန်တင်သင်္ဘောဖြင့် ဂျပန်နိုင်ငံမှ မြန်မာနိုင်ငံသို့ ထွက်ခွာလာကာ ၁၉၄၁ ခုနှစ် မတ်လ ၁ ရက်နေ့တွင် ပုသိမ်ဆိပ်ကမ်း၌ ဆိုက်ကပ်သည်။

> **ဇွန်းနှင့် ခက်ရင်းတို့သည် ဗိုလ်ချုပ်အောင်ဆန်း မိသားစု နေအိမ်အသုံးအဆောင်ပစ္စည်းများ ထဲမှ တစ်ခုအဖြစ်၊ တိုင်းပြည်၏ သမိုင်း တစ်စိတ်တစ်ပိုင်းအဖြစ်၊ လွတ်လပ်ရေးလှုပ်ရှားမှုနှင့် ဆက်စပ်သော သက်သေအဖြစ် လွတ်လပ်ရေး မရမီက မြန်မာ့လူနေမှုဘဝအပေါ် ဗြိတိသျှအင်ပါယာ၏ ရန့်လွှမ်းမိုးမှု နှင့် တပ်မတော်အဖွဲ့အစည်း သက်တမ်းတို့ကို ထင်ဟပ်စွာ ဖော်ပြ**





၁၉၄၁ ခုနှစ် မတ်လ ၁၀ ရက်နေ့တွင် သခင်အောင်ဆန်း (ဗိုလ်တေဇ)၊ သခင်လှဖေ (ဗိုလ်လက်ျာ)၊ သခင်ဘဂျမ်း(ဗိုလ်လရောင်)၊ သခင်အေးမောင် (ဗိုလ်မိုး)နှင့် ကိုထွန်းရှိန် (ဗိုလ်ရန်နိုင်)တို့ ပါဝင်သော ရဲဘော်သုံးကျိပ် ပထမအသုတ်ပါဝင်သည့် ရှွန်းတင်းမာရူး ကုန်သင်္ဘောသည် မြန်မာနိုင်ငံမှ ထွက်ခွာသည်။

၁၉၄၁ ခုနှစ် မတ်လ ၁၂ ရက်နေ့မှ ဇူလိုင်လ ၈ ရက်နေ့အထိ ရဲဘော်များကို လေးသုတ်ခွဲကာ ရှွန်းတင်းမာရူး၊ ကိုရှီမာရူး၊ ကိုဆိုင်မာရူး (Kosei-maru)၊ ကိုရိယုမာရူး (Korimaru) သင်္ဘောတို့ဖြင့် သယ်ဆောင်သွားခဲ့သည်။ ၁၉၄၁ ခုနှစ် ဧပြီလတွင် ဟိုင်နန်ကျွန်း၌ စစ်ပညာသင်တန်း စတင်သည်။

၁၉၄၅ ခုနှစ် ဒီဇင်ဘာလ ၁ ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းက စစ်သေနာပတိအဖြစ် ဦးစီး၍ ပြည်သူ့ရဲဘော်အဖွဲ့ (People's Volunteer Organization)ကို ဖွဲ့စည်းတည်ထောင်သည်။

၁၉၄၇ ခုနှစ် ဇန်နဝါရီလ ၂၇ ရက်နေ့တွင် အောင်ဆန်း - အက်တလီစာချုပ်ကို လက်မှတ်ရေးထိုးသည်။

၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့တွင် ရန်ကုန်မြို့အတွင်းဝန်များရုံး၌ ဗိုလ်ချုပ်အောင်ဆန်းနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ အစည်းအဝေးပြုလုပ်နေစဉ် ဂဠုန်ဦးစော၏ နောက်လိုက်တို့လက်ချက်ကြောင့် ဗိုလ်ချုပ်အောင်ဆန်း၊ သခင်မြ၊ ဒီးဒုတ်ဦးဘချို၊ ဦးဘဝင်း၊ မိုင်းပွန်စော်ဘွားကြီးစဝ်စံထွန်း၊ မန်းဘခိုင်၊ ဦးရာဇတ်၊ ဦးအုန်းမောင်နှင့် ရဲဘော်ကိုထွေးတို့ ကျဆုံးသည်။

ယခုနှစ် ၂၀၂၅ ခုနှစ် (၇၈)နှစ်မြောက် အာဇာနည်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းပြတိုက် (ရန်ကုန်)၌ အထူးပြပွဲခင်းကျင်းပြသသွားမည် ဖြစ်ပါသည်။

**ပြကွက်(၁)** အနေဖြင့် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်(ရန်ကုန်) အတက်လမ်းတွင် ဗိုလ်ချုပ်အောင်ဆန်း၏ သမိုင်းကြောင်းနှင့် ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့သည့် အတွင်းဝန်ရုံးတွင် ကျန်ခဲ့သောပစ္စည်းများကို ခင်းကျင်းပြသမည်ဖြစ်ပါသည်။

**ပြကွက်(၂)** အနေဖြင့် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်(ရန်ကုန်) အထွက်လမ်းတွင် ဗိုလ်ချုပ်အောင်ဆန်း၏ သမိုင်းဝင်မှတ်တမ်းဓာတ်ပုံများနှင့် ပြတိုက်အတွင်း ပြသထားသော ဗိုလ်ချုပ်အသုံးပြုခဲ့သည့်ပစ္စည်းများမှ Hidden Object အချို့အား ခင်းကျင်းပြသမည်ဖြစ်ပါသည်။

Hidden Object ဆိုသည်မှာ လာရောက်ကြည့်ရှုသူပရိသတ် အလွယ်တကူမသိရှိနိုင်သည့် ပြသပစ္စည်းများကို ဆိုလိုပါသည်။ နမူနာပြရသော် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်(ရန်ကုန်)၊ ထမင်းစားခန်း၊ ပန်းကန်ဗီရိုအတွင်းမှ ဗိုလ်ချုပ်မိသားစုအသုံးပြုခဲ့သည့် ဗြိတိသျှစစ်တပ်မှ ထုတ်ပေးသော ဇွန်းနှင့် ခက်ရင်း(British Military Fork and Spoon) လက်ကိုင်တွင် တွေ့ရှိသော အထင်ကရအချက်များမှာ–

က။ Broad Arrow လက္ခဏာ (↑) ခ။ EPNS (Electro-Plated Nickel Silver) ဂ။ ထုတ်လုပ်သူအမည် သို့မဟုတ် တပ်ပိုင်းဆိုင်ရာကုတ်များ ပါဝင်ပါသည်။

**က။ Broad Arrow လက္ခဏာ (↑)**

၎င်းဇွန်းနှင့် ခက်ရင်းမှာ ၁၉၃၀ – ၁၉၄၀ ပြည့်နှစ်များတွင် ဗြိတိသျှတပ်မတော်မှ စံသတ်မှတ်ထုတ်ပေးသည့် British military-issued တစ်ခုဖြစ်၍ လက်ကိုင်တွင် British War Department ၏ ပိုင်ဆိုင်မှုအမှတ်အသားဖြစ်သည့် မြားပုံ၊ Broad Arrow Symbol (↑)ပါရှိပါသည်။ ဤသင်္ကေတသည် အရေးကြီးသည့် အထောက်အထားတစ်ခုဖြစ်ပြီး ခက်ရင်း၊ ဇွန်း၊ ဓားများတွင် Broad Arrow လက္ခဏာပါဝင်ပါက ဗြိတိသျှစစ်ရေးဌာန၏ တပ်ပိုင်ပစ္စည်း အမှတ်အသားဖြစ်သည်။

**ခ။ EPNS (Electro-Plated Nickel Silver)**

ဤစာလုံး EPNS သည် ကြေးဝါ၊ နီကယ်နှင့် သွပ်တို့ဖြင့် ပြုလုပ်ထားသော သတ္တုပေါ်သို့ ငွေချထားသည့်ပစ္စည်းဖြစ်ပြီး တာရှည်ခံရန် ပြုလုပ်ထားသည်။ ဗြိတိသျှတပ်မတော်မှ ထုတ်ပေးသောပစ္စည်းများဖြစ်ပြီး ဗြိတိသျှစစ်သားများက မြန်မာနိုင်ငံ၌ နေထိုင်စဉ် ဗြိတိသျှအုပ်ချုပ်ချိန် သို့မဟုတ် ဒုတိယကမ္ဘာစစ်အတွင်း သုံးစွဲခဲ့သည်ဟု တွေးဆနိုင်ပါသည်။ ဗိုလ်ချုပ်အောင်ဆန်း နေထိုင်ခဲ့သည့်အိမ်တွင် ရှိနေသော ဗိုလ်ချုပ်အောင်ဆန်းမိသားစု အသုံးပြုခဲ့သည့် ပစ္စည်းတစ်ခုအဖြစ် ထိုအချိန်က လူနေမှုဘဝနှင့် အိမ်သုံးပစ္စည်း အသုံးအဆောင်အခြေအနေများကို ထင်ဟပ်စွာ ဖော်ပြပါမည်။

**ဂ။ ထုတ်လုပ်သူအမည် သို့မဟုတ် တပ်ပိုင်းဆိုင်ရာကုတ်များ**

"MAJ"၊ "TRADE" ကဲ့သို့သော အတိုကောက်များ၊ ထုတ်လုပ်သူအမည် သို့မဟုတ် တပ်မတော်အဖွဲ့အစည်းအမှတ်အသားများ ပါဝင်သလို တစ်ခါတစ်ရံတွင် ထုတ်လုပ်သည့်နှစ် (ဥပမာ 1943၊ 1944) ပါဝင်သည်။ ဗြိတိသျှအင်ပါယာအုပ်ချုပ်မှုအချိန်ကာလအတွင်း ဗိုလ်ချုပ်အောင်ဆန်းသည် မြန်မာ့လွတ်လပ်ရေး လှုပ်ရှားမှုအတွက် ခေါင်းဆောင်တစ်ဦးဖြစ်ပြီး ဤကဲ့သို့သော စစ်သုံးပစ္စည်းများကို ဗြိတိသျှအုပ်ချုပ်မှုနှင့် ဒုတိယကမ္ဘာစစ်ကြားကာလတွင် ဗြိတိသျှအရာရှိများ၊ စစ်အုပ်ချုပ်ရေးရုံးများ၊ အစိုးရအရာရှိအိမ်များတွင် အိမ်သုံးပစ္စည်းအဖြစ် သုံးခဲ့ပါသည်။

ဤဇွန်းနှင့် ခက်ရင်းတို့သည် ဗိုလ်ချုပ်အောင်ဆန်းမိသားစု နေအိမ်အသုံးအဆောင်ပစ္စည်းများထဲမှ တစ်ခုအဖြစ်၊ တိုင်းပြည်၏ သမိုင်းတစ်စိတ်တစ်ပိုင်းအဖြစ်၊ လွတ်လပ်ရေးလှုပ်ရှားမှုနှင့် ဆက်စပ်သော သက်သေအဖြစ် လွတ်လပ်ရေးမရမီက မြန်မာ့လူနေမှုဘဝအပေါ် ဗြိတိသျှအင်ပါယာ၏ ရန့်လွှမ်းမိုးမှုနှင့် တပ်မတော်အဖွဲ့အစည်းသက်တမ်းတို့ကို ထင်ဟပ်စွာ ဖော်ပြနေပါသည်။ ဤပစ္စည်းများသည် နိုင်ငံရေးပြောင်းလဲမှုကာလအတွင်း လူထု၏ နေထိုင်မှု၊ ယဉ်ကျေးမှုနှင့် စစ်ရေးအခြေအနေများကို တိတိကျကျ လေ့လာသိရှိနိုင်သည့် သက်သေအဖြစ် စုဆောင်းပြသထားခြင်း ဖြစ်ပါသည်။

ဤကဲ့သို့ ဗြိတိသျှတပ်မတော်က ထုတ်ပေးသည့် စစ်သုံးပစ္စည်းများသည် ဗြိတိသျှအုပ်ချုပ်မှုနှင့် ထိုကာလအတွင်း လူထုဘဝနှင့် ယဉ်ကျေးမှုအခြေအနေများကို ထင်ဟပ်ပါသည်။ Broad Arrow လက္ခဏာပါဝင်သောပစ္စည်းများကို စစ်ရေးသမိုင်းပစ္စည်း(militaria)အဖြစ် စုဆောင်းသူများက တန်ဖိုးထားပြသကြရာ ဤပစ္စည်းသည် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်တွင် တန်ဖိုးရှိသည့် သမိုင်းမှတ်တမ်းတစ်ခုအဖြစ်လည်း ထိန်းသိမ်းပြသထားပါသည်။

နောက်တစ်ခုမှာ ထမင်းစားခန်း၊ ပန်းကန်ဗီရိုအတွင်းမှ ဗိုလ်ချုပ်မိသားစု အသုံးပြုခဲ့သည့်ပန်းကန်များ တစ်ချပ်နှင့်တစ်ချပ်ကြားတွင် မကွဲစေရန် ကြားခံထည့်ထားသည့် ၁၉၅၈– ၅၉ ခုနှစ်ထုတ် သတင်းစာများကိုလည်း ပြသထား၍ ထိုခေတ်ကာလ၏ နိုင်ငံရေးအခြေအနေပုံရိပ်များကို မြင်တွေ့ရမည်ဖြစ်ပါသည်။

ထိုကဲ့သို့ ဗိုလ်ချုပ်အသုံးပြုခဲ့သော ပစ္စည်းများမှ Hidden Object အချို့ကို ထုတ်နုတ်ပြသထားပါသည်။

**ပြကွက်(၃)** နည်းပညာပြကွက်အနေဖြင့် New Innovative Technology နည်းပညာအသုံးပြု၍ ပေါ့ပါးပြီး ဖောက်ထွင်းမြင်ရသော ကြည်လင်ပြတ်သားသည့်ရုပ်ပုံများကို Invisible Screen အသုံးပြု၍ ပြသရသောနည်းပညာဖြစ်သည့် Holographic ဖြင့် မြန်မာ့တပ်မတော် (ရေ) ၏ သမိုင်းဝင် မေယုစစ်သင်္ဘော၏ မှတ်တမ်းပုံများ၊ ဗိုလ်ချုပ်၏ ဈာပနအခမ်းအနား၊ အတွင်းဝန်များရုံးရှိ ဗိုလ်ချုပ်ကျဆုံးချိန် ကျန်ရှိပစ္စည်းများနှင့် အစည်းအဝေးခန်း မှတ်တမ်းပုံများနှင့် ဗိုလ်ချုပ်၏အသုံးအဆောင်ပစ္စည်းများမှ Hidden Object အချို့အား 360 view တို့ကို Video Clip လေးခုဖြင့် ပြသသွားမည်ဖြစ်ပါသည်။ 3D Holographic Fan ဖြင့် ဗိုလ်ချုပ်၏ သမိုင်းဝင်ပုံရိပ်များ ပြကွက်ကိုလည်း ထည့်သွင်းပြသသွားမည်ဖြစ်သလို Touch screen များဖြင့်လည်း ဗိုလ်ချုပ်သမိုင်းကြောင်းများကို ထည့်သွင်းပြသသွားမည်ဖြစ်ပါသည်။

ထို့ပြင် အာဇာနည်နေ့ အထူးပြပွဲသို့ လာရောက်သည့် အများပြည်သူတို့က ဗိုလ်ချုပ်အောင်ဆန်းပြတိုက်လေ့လာပြီး အထွက်လမ်းတွင် ဉာဏ်စမ်းပဟေဠိ (Quiz)မေးခွန်းများ ဖြေဆိုပြီး ဗိုလ်ချုပ်အောင်ဆန်းပြတိုက်(ရန်ကုန်)အမှတ်တရ လက်ဆောင်များပေးအပ်မည့် အစီအစဉ်ကိုလည်း ထည့်သွင်းထားပါသည်။

ဗိုလ်ချုပ်အောင်ဆန်းပြတိုက်(ရန်ကုန်) ကို (၇၈)နှစ်မြောက် အာဇာနည်နေ့အထူးပြပွဲ ခင်းကျင်းပြသခြင်းသာမက ပြန်တမ်းဝင်ရုံးပိတ်ရက်နှင့် တနင်္လာနေ့မှလွဲ၍ နံနက် ၉:၃၀ နာရီမှ ညနေ ၄:၃၀ နာရီအထိ နေ့စဉ် ဖွင့်လှစ်ပြသထားပါသည်။ ပြတိုက်ဝင်ကြေးမှာ ပြည်ပငွေကျပ် ၅၀၀၀၊ ပြည်တွင်းအခမဲ့ဖြစ်၍ မြန်မာ့လွတ်လပ်ရေးဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်းမိသားစု နေထိုင်ခဲ့စဉ် ပုံရိပ်များကို လွမ်းဆွတ်မှန်းဆရင်း လွတ်လပ်ရေးကြိုးပမ်းမှု သမိုင်းမှတ်တမ်းများကို လာရောက်လေ့လာကြပါရန် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်(ရန်ကုန်)မှ ဖိတ်ခေါ်အပ်ပါသည်။

**ကိုးကား**


၁။ သမိုင်းသုတေသနဦးစီးဌာန။ မြန်မာ့ရက်စဉ်သမိုင်း (အကြိုသမိုင်းကာလမှ ၁၉၄၅ အထိ)၊ ပထမတွဲ။ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန။

၂။ သမိုင်းသုတေသနဦးစီးဌာန။ မြန်မာ့ရက်စဉ်သမိုင်း (၁၉၄၅–၁၉၄၈)၊ ဒုတိယတွဲ။ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန။

၃။ သီသီသောင်း။ (၂၀၁၆–၂၀၁၇)။ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်၊ ပြတိုက်မှုးဘဝလေ့လာချက်များ။

၄။ သီသီသောင်း။ (၂၀၂၂–၂၀၂၄)။ အာဇာနည်နေ့ ဂုဏ်ပြုဆောင်းပါးများ။ မြန်မာ့အလင်း၊ ကြေးမုံသတင်းစာ။

၅။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ သမိုင်းသုတေသနနှင့်အမျိုးသားစာကြည့်တိုက်ဦးစီးဌာန။ (၂၀၂၀)။ မြန်မာ့လွတ်လပ်ရေးဗိသုကာ ဗိုလ်ချုပ်အောင်ဆန်း။

# ပြည်ထောင်စုရာထူးဝန်အဖွဲ့ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ



**နေပြည်တော် ဇူလိုင် ၁၅**

ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ (၁၈)ကြိမ်မြောက် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲနှင့် ငါးသားပေါက်များ မျိုးစိုက်ထည့်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ယာယီဝန်ထမ်းအိမ်ရာ၌ ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးအောင်သော်၊ အဖွဲ့ဝင်များဖြစ်ကြသည့် ဦးဆန်းမြင့်၊ ဒေါ်ခင်မျိုးမြင့်၊ ဦးစိုးတင့်၊ ဦးရဲနိုင်၊ သူရဦးဘိုနီ၊ ဦးကျော်မျိုးထွဋ်၊ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

**ကြည့်ရှုအားပေး**

ဦးစွာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌက သတ်မှတ်နေရာ၌ ရတနာတန်းဝင်ကျွန်းပင်ကို စတင်စိုက်ပျိုးပေးကာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဝင်များ၊ တာဝန်ရှိသူများက သတ်မှတ်နေရာများတွင် ရတနာတန်းဝင်ကျွန်းပင်များကို စိုက်ပျိုးကြပြီး ယာယီဝန်ထမ်းအိမ်ရာ လမ်းဘေးဝဲ/ယာ၊ စိုက်ကွက်အလိုက် ဝန်ထမ်းများသစ်ပင်စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ယင်းနောက် ပြည်ထောင်စုရာထူးဝန်အဖွဲ့ရှိ ဆည်အမှတ်(၂၆)တွင် မိုးရာသီကာလ ငါးသားပေါက်များကို မျိုးစိုက်ထည့်ကြသည်။ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ကျွန်း၊ မဟော်ဂနီ၊ ပိတောက်၊ ဆီသပြေစသည့် နှစ်ရှည်ပင်နှင့် အရိပ်ရလေကာပင်ပေါင်း ၃၀၀ ကို သတ်မှတ်နေရာများအလိုက် စိုက်ပျိုးခဲ့ပြီး ငါးမြစ်ချင်း ငါးသားပေါက် ၅၀၀၀ ကို ငါးမျိုးစိုက်ထည့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးအေးကျော် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ၂၃၀ ကေဗွီ လျှော့ကားပင်မဓာတ်အားခွဲရုံနှင့် လျှော့ကားသဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇူလိုင် ၁၅**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော်သည် ယမန်နေ့က ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ၂၃၀ ကေဗွီလျှော်ကားပင်မဓာတ်အားခွဲရုံနှင့် လှော်ကားသဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံတို့ကို ကြည့်ရှုစစ်ဆေးသည်။



**မှာကြား**

ဦးစွာ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ၂၃၀ ကေဗွီ လှော်ကားပင်မဓာတ်အားခွဲရုံသို့ ရောက်ရှိရာ Switch Yard အတွင်းတွင် တာဝန်ရှိသူများက ၂၃၀ ကေဗွီ လှော်ကား-ဝါးတရာ Double Circuit လိုင်းအသစ်ချိတ်ဆက်ဆောင်ရွက်ရမည့် အခြေအနေများ၊ ၂၃၀ ကေဗွီ လှော်ကား-ကမာနတ် ဓာတ်အားလိုင်းကို Switch Bay ပြောင်းလဲချိတ်ဆက်ဆောင်ရွက်ရမည့် အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးက ဓာတ်အားခွဲရုံများမှ ဓာတ်အားပို့လွှတ်ဖြန့်ဖြူးပေးရာတွင် ဗို့အားတည်ငြိမ်ပြည့်ဝစွာဖြင့် စဉ်ဆက်မပြတ် ဓာတ်အားပို့လွှတ်နိုင်ရေး၊ ဓာတ်အားလိုင်းချိတ်ဆက် ဆောင်ရွက်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် သတ်မှတ်ချိန်အတွင်း အန္တရာယ်ကင်းရှင်းစွာဖြင့် စနစ်တကျဆောင်ရွက်သွားနိုင်ရေး မှာကြားသည်။

ထို့နောက် လှော်ကားသဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံသို့ရောက်ရှိပြီး ဒုတိယဝန်ကြီးက သဘာဝဓာတ်ငွေ့ ရရှိမှုအပေါ်မူတည်၍ ဓာတ်အားထုတ်လုပ်ပေးရာတွင် ထိရောက်စွာဖြင့် ထုတ်လုပ်ပေးနိုင်ရေး အလေးထားဆောင်ရွက်သွားရန်၊ ဝန်ထမ်းအိမ်ရာများအား ဦးစားပေးအဆင့်ဖြင့် စနစ်တကျထိန်းသိမ်းဆောင်ရွက်နေထိုင်သွားရေး၊ ဓာတ်အားပေးစက်ရုံဝင်းအတွင်း သီးပင်စားပင်များ စိုက်ပျိုးသွားနိုင်ရေး၊ ဓာတ်အားပေးစက်ရုံ အဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာများ အနီးတစ်ဝိုက် လုံခြုံရေးကို မျက်ခြည်မပြတ် အလေးထား စောင့်ကြည့်သွားစေရေး၊ ဝန်ထမ်းများလုပ်ငန်းခွင်အတွင်း စည်းလုံးညီညွတ်စွာ နေထိုင်နိုင်ရေး မှာကြားကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးပြီး ဓာတ်အားထုတ်လုပ်ထိန်းချုပ်ခန်းအတွင်း စစ်ဆေးကြည့်ရှုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မော်လမြိုင်မြို့ တိုင်းရင်းသားယဉ်ကျေးမှုစင်တာ၌ မိုးရာသီသစ်ပင်စိုက်ပျိုး

**မော်လမြိုင် ဇူလိုင် ၁၅**

မွန်ပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ၂၀၂၅ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက မော်လမြိုင်မြို့ မင်းရွာကျေးရွာရှိ တိုင်းရင်းသားယဉ်ကျေးမှုစင်တာ၌ ကျင်းပသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲသို့ မွန်ပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီး ဦးခင်မောင်ဦးက မိုးရာသီစိုက်ပျိုးမည့် မဟော်ဂနီအပင်ကြီးအား စိုက်ပျိုးခဲ့ပြီး တက်ရောက်လာသော မွန်ပြည်နယ်တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများ၊ မွန်ပြည်နယ် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်သစ်တောဦးစီးဌာန ခရိုင်မှူးနှင့်ဝန်ထမ်းများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက သတ်မှတ်နေရာများတွင် အရိပ်ရအပင်များစိုက်ပျိုးနေမှုများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**စည်သူ(ပြန်/ဆက်)**



# မြင်းခြံတက္ကသိုလ်၌ အသိပညာပေးဟောပြောပွဲ ကျင်းပ

**မြင်းခြံ ဇူလိုင် ၁၅**

မန္တလေးတိုင်းဒေသကြီး မြင်းခြံတက္ကသိုလ်၌ မူးယစ်ဆေးဝါး အန္တရာယ်ကင်းစင်ရေး၊ အွန်လိုင်းငွေကြေးလိမ်လည်မှု တားဆီးကာကွယ်ရေး၊ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးနှင့် ယာဉ်စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို ယနေ့နံနက် ၁၀ နာရီက အဆိုပါတက္ကသိုလ် ဘက်စုံသုံးခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲတွင် မြင်းခြံခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဒုတိယရဲမှူးကြီးထွန်းမြ၊ မြင်းခြံခရိုင် ဥပဒေအရာရှိ ဦးအောင်ကျော်မင်း၊ ဒုတိယခရိုင် ဥပဒေအရာရှိ ဦးအောင်ရဲကျော်၊ မြင်းခြံခရိုင် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဌာနစိတ်မှ ဒုတိယရဲမှူးနေလင်းနှင့် မြင်းခြံယာဉ်ထိန်းတပ်ဖွဲ့စု ဒုတိယရဲမှူးအောင်ကြီးတို့က ဆွေးနွေးဟောပြောခဲ့ကြသည်။



ထို့နောက် ယာဉ်ထိန်းတပ်ဖွဲ့ဝင်များက ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ပြီး မြင်းခြံတက္ကသိုလ်ပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ်တို့က ဆွေးနွေးဟောပြောသူများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကျော်စွာ(မြင်းခြံ)**

နေရောင်အောက်က သက်ရှိတွေကို
စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

# ဇလွန်မြို့နယ်၌ မြန်မာအီလက်ထရောနစ် မဲပေးစက် ကိုင်တွယ်အသုံးပြုနည်း ဆင့်ပွားသင်တန်းဖွင့်

**ဇလွန် ဇူလိုင် ၁၅**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်တွင်မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) ကိုင်တွယ်အသုံးပြုနည်း ဆင့်ပွားသင်တန်းဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းလင်းက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေးအတွက် တစိုက်မတ်မတ် ကြိုတင်ပြင်ဆင် ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။



ထို့နောက် မြို့နယ်ရွေးကောက်ပွဲအရာရှိ ဒေါ်အိသဇင်အောင်က မဲပေးစက်များ စစ်ဆေးခြင်း အကြောင်းအရာများ၊ ရွေးကောက်ပွဲရက်မတိုင်မီ မဲရုံ၌ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ မဲရုံဖွင့်ချိန်၊ မဲပေးချိန်နှင့် မဲရုံပိတ်ချိန်၌ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် MEVM ကိုင်တွယ်အသုံးပြုနည်းကို ရှင်းလင်းပြောကြားသည်။ ယင်းနောက် လက်တွေ့သရုပ်ပြ စမ်းသပ်မဲပေးခဲ့ကြပြီး သင်တန်းကို ဇူလိုင် ၁၄ ရက်မှ ဩဂုတ် ၂ ရက်အထိ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများအား တစ်ရက်လျှင် သင်တန်းသား ၁၀၀ ဖြင့် ပို့ချမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မြန်မာနိုင်ငံကိုယ်စားပြု ခရီးသွားမြှင့်တင်ရေးပြခန်း ရုရှားနိုင်ငံသားများ အထူးစိတ်ဝင်စားမှုရှိခဲ့ပြီး လာရောက်သူများဖြင့် စည်ကားခဲ့



**နေပြည်တော် ဇူလိုင် ၁၅**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်မြို့၌ ဇူလိုင် ၁၁ ရက်မှ ၁၃ ရက်အထိ "In Siberia–THERE is!" ခေါင်းစဉ်ဖြင့် ကျင်းပသော အစားအစာနှင့် ခရီးသွားပြပွဲတွင် ပါဝင်ခဲ့သည့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၏ မြန်မာနိုင်ငံကိုယ်စားပြု ခရီးသွားမြှင့်တင်ရေးပြခန်းသည် ရုရှားနိုင်ငံသားများနှင့် နိုဗိုစီဗစ် မြို့သူ မြို့သားများ၏ အထူးစိတ်ဝင်စားမှုကို ရရှိခဲ့ပြီး လာရောက်သူများဖြင့် စည်ကားခဲ့သည်။

မြန်မာနိုင်ငံကိုယ်စားပြု ခရီးသွားမြှင့်တင်ရေးပြခန်းသို့ လာရောက်ကြသူများသည် မြန်မာနိုင်ငံ၏ ခရီးစဉ်ဒေသများနှင့် ခရီးသွားဆွဲဆောင်မှုများကို စိတ်ဝင်တစားမေးမြန်းလေ့လာခဲ့ကြသည်။

**ပရိသတ်များဖြင့် အထူးစည်ကား**

ပြခန်းတွင် မြန်မာနိုင်ငံမှ ပညာတော်သင် ကျောင်းသားများ၊ ကောင်စစ်ဝန်ရုံး မိသားစုများက မြန်မာ့ရိုးရာ သူငယ်တော်အက၊ တစ်ပင်တိုင်မင်းသားအက၊ ဦးရွှေရိုးနှင့် ဒေါ်မိုးအက၊ မြန်မာ့ရိုးရာ ရုပ်သေးအက၊ မြန်မာ့စောင်း၊ မြန်မာ့ရိုးရာခြင်းလုံးတို့ဖြင့် ဖျော်ဖြေတင်ဆက်ပေးကြသည့် အတွက် နိုဗိုစီဗစ်မြို့သူ မြို့သားများက တစ်ခဲနက်အားပေးကြပြီး ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြသူ ရုရှားနိုင်ငံသား ပရိသတ်များဖြင့် ပြခန်းမှာ အထူးစည်ကားခဲ့သည်။

ထို့ပြင် မြန်မာနိုင်ငံမှ ဝါရင့်စားဖိုမှူးကြီးနှင့် မြန်မာမိသားစုများက မြန်မာ့အစားအစာများကို ချက်ပြုတ်တည်ခင်းပြသ ဧည့်ခံခဲ့ရာ ပြပွဲလာရောက်ကြသူများ နှစ်သက်စွာ အားပေးခဲ့ကြပြီး တည်ခင်းဧည့်ခံသည့် အစားအစာများထဲမှ မြန်မာ့မုန့်ဟင်းခါးနှင့် လက်ဖက်ကို အထူးနှစ်သက်စွာ အားပေးခဲ့ကြသည့်အပြင် မြန်မာ့ဝိုင်ကိုလည်း စိတ်ဝင်စားမှုများပြားခဲ့ကြောင်း သိရသည်။





**စိတ်ဝင်စားမှုများပြား**

အဆိုပါအစားအစာနှင့် ခရီးသွားပြပွဲကို နိုဗိုစီဗစ်မြို့ အော့မြစ်ဘေးရှိ မီခါရိလေ့ဖ်စကားရား ပန်းခြံ၌ ကျင်းပခဲ့ခြင်းဖြစ်ပြီး ပွဲကျင်းပသည့် သုံးရက်တာကာလအတွင်း မြန်မာနိုင်ငံကိုယ်စားပြု ပြခန်းသို့ လာရောက်လည်ပတ်သူ သိန်းဂဏန်းဝန်းကျင်ရှိခဲ့သည်။

ပြပွဲ လာရောက်သူများ၏ စိတ်ဝင်စား အားပေးမှုသာမက နိုဗိုစီဗစ်အစားအစာနှင့် ခရီးသွားပြပွဲကျင်းပရေး ကော်မတီက ပြုလုပ်သည့် အစားအစာ၊ အချက်အပြုတ် အပျော်တန်းပြိုင်ပွဲတွင်လည်း မြန်မာ့အစားအစာများကို ချက်ပြုတ်ပြသခဲ့ရာ ပြိုင်ပွဲဝင်များ အကြား စိတ်ဝင်စားမှု များပြားခဲ့သည်။

ထိုသို့ ပါဝင်ပြသခြင်းဖြင့် မြန်မာ့ရိုးရာအစားအစာများ၊ မြန်မာ့ယဉ်ကျေးမှု အနုပညာများနှင့် မြန်မာနိုင်ငံ၏ အထင်ကရခရီးစဉ်ဒေသများအကြောင်း ပြပွဲသို့ လာရောက်သူများထံ တိုက်ရိုက်ဖြန့်ဝေဆောင်ရွက်နိုင်ခြင်း၊ ရုရှားခရီးသွားများ မြန်မာနိုင်ငံအကြောင်း ပိုမိုသိရှိကာ လာရောက်လည်ပတ်ရန် ဖိတ်ခေါ်ခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့သည့်အပြင် ပြပွဲလာ နိုင်ငံတကာနှင့် ရုရှားနိုင်ငံတို့မှ ခရီးသွားလုပ်ငန်းများ၊ ရုရှားနိုင်ငံသားများ အထူးသဖြင့် နိုဗိုစီဗစ်မြို့သူ မြို့သားများထံ မြန်မာနိုင်ငံနှင့် ပတ်သက်သည့် သတင်းအချက်အလက်များကို ဖြန့်ဝေမိတ်ဆက်နိုင်ခဲ့သောကြောင့် ရုရှားခရီးသွားဈေးကွက်မြှင့်တင်နိုင်ရန် များစွာ အထောက်အကူဖြစ်စေခဲ့သည်။

**သတင်းစဉ်**





# ဘားအံမြို့၌ စက်ချုပ်နည်းပညာသင်တန်းနှင့် အခြေခံစာကြည့်တိုက်ပညာသင်တန်းများ ဖွင့်လှစ်

ဘားအံ ဇူလိုင် ၁၅

ကရင်ပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန အသေးစားကုန်ထုတ်လုပ်ငန်းများဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်း အမျိုးသမီးများအတွက်ဝင်ငွေတိုးတက်ရေး ဆောင်ရွက်မည့်လုပ်ငန်းခေါင်းစဉ်ဖြင့် စက်ချုပ်နည်းပညာသင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၈ နာရီက ဘားအံမြို့ ကမော့ကစင်ကျေးရွာ ဥသျှစ်ကုန်းဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ကျင်းပသည်။





ဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက သင်တန်းကာလအတွင်း လုပ်ငန်းအပေါ်စိတ်ပါဝင်စားသူ၊ လုပ်ငန်းထူထောင်လိုသူ၊ သင်ကြားမှုအပေါ်တွင် ထူးချွန်တတ်မြောက်သူ စသည့်ထူးချွန်သင်တန်းသူငါးဦးကိုရွေးချယ်ပြီး ငွေကျပ် ၁၄ သိန်းနှင့်ညီမျှသော ခြေနင်းအပ်ချုပ်စက်တစ်လုံး၊ ခါးစက်တစ်လုံး၊ ဘီတင်စက်တစ်လုံးတို့ကို လုပ်ငန်းထူထောင်နိုင်ရန် ရင်းနှီးမတည်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က သင်တန်းသုံးကုန်ကြမ်းပစ္စည်းများကို ပေးအပ်ချီးမြှင့်သည်။

ယနေ့ဖွင့်လှစ်သည့် စက်ချုပ်နည်းပညာသင်တန်းသို့ ရဲသာကျေးရွာအုပ်စုရှိ ကျေးရွာများမှ သင်တန်းသူ ၁၂ ဦး တက်ရောက်ကြပြီး သင်တန်းကာလအတွင်း စက်ချုပ်နည်းပညာသဘောတရားများ၊ ကလေးဝတ်အင်္ကျီ၊ ဘောင်းဘီ၊ ဂါဝန်၊ အမျိုးသမီးဝတ်အင်္ကျီ၊ လုံချည်များနှင့်ပွဲထိုင်ဝတ်စုံများ၊ ကရင်ရိုးရာချုပ်နည်းများဖြင့် နေ့စဉ်ဝင်ငွေတိုးပွားရရှိစေမည့် အသက်မွေးဝမ်းကျောင်းနည်းပညာရပ်များကို သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ကရင်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူး၍ ရပ်ကွက်/ကျေးရွာ စာကြည့်တိုက်များ၊ ကျောင်းစာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာကြည့်တိုက်လုပ်ငန်းများစနစ်တကျရှိစေရေးအတွက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက အခြေခံစာကြည့်တိုက်ပညာသင်တန်း အမှတ်စဉ်(၁/၂၀၂၅)ဖွင့်ပွဲကို နံနက် ၁၀ နာရီက ဘားအံခရိုင် လူထုအခြေပြုဗဟိုဌာနသင်တန်းခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကား ပြောကြားသည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူးက အခြေခံစာကြည့်တိုက်ပညာသင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်က သင်တန်းဖြစ်မြောက်ရေး ငွေကျပ် ၃၄၀၅၀၀၀ ကို ပေးအပ်ချီးမြှင့်သည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု သင်တန်းများ ဖွင့်လှစ်ခဲ့မှုမှတ်တမ်းဓာတ်ပုံများနှင့် ရွေ့လျားစာကြည့်တိုက်ယာဉ်တို့ကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)

# စစ်ကိုင်းတိုင်းဒေသကြီး၌ စက်ချုပ်နည်းပညာ(အဆင့်မြင့်)သင်တန်းများ ဖွင့်လှစ်

မုံရွာ ဇူလိုင် ၁၅

အသေးစားကုန်ထုတ်လုပ်ငန်းများဖန်တီးပေးရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေး စီမံကိန်းအတွက် ဖွင့်လှစ်သည့် စက်ချုပ်နည်းပညာ(အဆင့်မြင့်) သင်တန်းဖွင့်ပွဲအခမ်းအနားများကို ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနရုံးရှိ Incubation Centre ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသူများ တက်ရောက်ကြသည်။



### ကြည့်ရှုအားပေး

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများက စက်ချုပ်နည်းပညာသင်တန်း(အဆင့်မြင့်) အတွက် သင်တန်းသုံးပစ္စည်းများနှင့် ကုန်ကြမ်းပစ္စည်းများ ပေးအပ်ကြကာ ခင်းကျင်းပြသထားသည့် သင်တန်းတွင် အသုံးပြုမည့် သင်ထောက်ကူ ပစ္စည်းများနှင့် ကုန်ကြမ်းပစ္စည်းများကိုလှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၌ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာများ အသိပညာပေး ဟောပြော

ရန်ကုန် ဇူလိုင် ၁၅

ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနရုံးမှ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီရုံးတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေများနှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းအကြောင်း သိကောင်းစရာအကြောင်းအရာဖြင့် အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၁၄ ရက် နံနက် ၁၀ နာရီခွဲက ကျင်းပရာ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးနှင့် စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီနှင့် စက်မှုဇုန်သက်ဆိုင်ရာလုပ်ငန်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

### လက်တွေ့သရုပ်ပြ

ဟောပြောပွဲတွင် အရှေ့ပိုင်းခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနရုံး လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်နိုင်မိုးက ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် စီးပွားရေး၊ လူမှုရေးနှင့် ပတ်ဝန်းကျင်ဆိုသည့် အဓိကမဏ္ဍိုင်သုံးရပ် ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် သက်ဆိုင်ရာလုပ်ငန်းများဆောင်ရွက်ရာ၌ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေများနှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများတွင် ပြဋ္ဌာန်းထုတ်ပြန်ထားသော အကြောင်းအရာများနှင့်အညီ လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး အသိပညာပေးခြင်းနှင့် ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် စက်မှုဇုန်အတွင်း အမှိုက်အမျိုးအစား လေးမျိုးခွဲခြားစွန့်ပစ်ခြင်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး အသိပညာပေးခြင်းနှင့် လက်တွေ့သရုပ်ပြခြင်း၊ ကမ္ဘာ့တစ်ဝန်း လက်ကမ်းစာစောင်နှင့် အမှိုက်အမျိုးအစား လေးမျိုးစတစ်ကာများ ဖြန့်ဝေခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြင့်မြင့်ရီ




# လူမှုဝန်ထမ်းဦးစီးဌာနမှ ဖွင့်လှစ်ထားသော အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများမှ ဒုတိယအကြိမ်မြောက် ကျောင်းအခြေပြုသင်တန်းဖွင့်လှစ်

နေပြည်တော် ဇူလိုင် ၁၅

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနသည် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ တောင်ငူ၊ မြစ်ကြီးနား၊ ဖျာပုံ၊ စစ်တွေ၊ ရွာငံနှင့် ထားဝယ်မြို့တို့တွင် အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများကို ဖွင့်လှစ်ထားရှိပြီး စက်ချုပ်သင်တန်းများ (မိန်းမဝတ်၊ ကလေးဝတ်၊ ကျားရှပ်၊ တိုက်ပုံ၊ ကုတ်အင်္ကျီ)၊ လက်မှုသင်တန်း၊ မုန့်မျိုးစုံပြုလုပ်နည်းသင်တန်း၊ အစားအစာချက်ပြုတ်နည်းသင်တန်းနှင့် ပန်းအလှပြင်သင်တန်းများကို အပတ်စဉ် တစ်ခုလျှင် ရက်သတ္တခြောက်ပတ်ဖြင့် သင်ကြားပေးလျက်ရှိသည်။



ရန်ကုန် အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းမှ ဒုတိယအကြိမ်မြောက် ကျောင်းအခြေပြုသင်တန်း ဖွင့်လှစ်သင်ကြားနေမှုကို တွေ့ရစဉ်။

ဘဏ္ဍာရေးနှစ် တစ်နှစ်လျှင် သင်တန်းအပတ်စဉ် ရှစ်ခုကို နိုင်ငံပိုင်သတင်းစာများတွင် ကြော်ငြာ၍ ဖွင့်လှစ်သင်ကြားပေးလျက်ရှိပြီး ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်ကျောင်းတို့တွင် စနေ၊ တနင်္ဂနွေနေ့ အထူးသင်တန်းများကိုလည်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း ၁၀ ကျောင်းတွင် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ဒုတိယအကြိမ်မြောက် ကျောင်းအခြေပြုသင်တန်းကို ဇွန် ၉ ရက်မှ ဇူလိုင် ၁၈ ရက်အထိ ဖွင့်လှစ်လျက်ရှိပြီး အဆိုပါသင်တန်းကျောင်းများတွင် သင်တန်းသား သင်တန်းသူ စုစုပေါင်း ၂၆၀ တက်ရောက်လျက်ရှိကာ မိသားစုဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး ရည်ရွယ်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင် တိုင်းဒေသကြီးနှင့်ပြည်နယ် အသက်(၁၈)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲယှဉ်ပြိုင်နေမှု ကြည့်ရှုအားပေး

**တောင်ကြီး ဇူလိုင် ၁၅**

တိုင်းဒေသကြီးနှင့်ပြည်နယ် အသက်(၁၈)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များကို ယနေ့ ညနေ ၃ နာရီတွင် တောင်ကြီးမြို့ ပြည်နယ်အားကစားကွင်း၌ ကျင်းပရာ ရှမ်းပြည်နယ်အသင်းနှင့် ကချင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြပြီး တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့သည်။

အဆိုပါပွဲစဉ် ယှဉ်ပြိုင်ကစားနေမှုကို ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ် အဆင့်ဌာနဆိုင်ရာများ၊ တောင်ကြီးပညာရေးဒီဂရီကောလိပ်မှ သင်တန်းသား သင်တန်းသူများ၊ သူနာပြု သားဖွားသင်တန်းကျောင်းမှ သင်တန်းသား သင်တန်းသူများ၊ အားကစားနှင့် ကာယပညာသိပ္ပံ(တောင်ကြီး)မှ သင်တန်းသား သင်တန်းသူများ၊ ဒေသခံပြည်သူများ၊ အားကစားဝါသနာရှင်များ ကြည့်ရှုအားပေးကြသည်။

အဆိုပါ ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စုပတ်လည်ပြိုင်ပွဲကို တောင်ကြီးဇုန်တွင် ဇူလိုင် ၁၁ ရက်မှ ၁၅ ရက်အထိ အောင်မြင်စွာကျင်းပခဲ့ပြီး ရှမ်းပြည်နယ်အသင်းက အုပ်စုပထမဖြစ်လည်းကောင်း၊ ကချင်ပြည်နယ်အသင်းက အုပ်စုဒုတိယဖြစ်လည်းကောင်း နောက်တစ်ဆင့်သို့ တက်လှမ်းသွားကြကြောင်း သိရသည်။





**ပြည်နယ်(ပြန်/ဆက်)**



# ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၏ ၂၀၂၅ ခုနှစ် တိုင်းမှူးဒိုင်း ဘောလုံးပြိုင်ပွဲတွင် မြိတ်တပ်နယ်အသင်း ဒိုင်းဆုရရှိ

**နေပြည်တော် ဇူလိုင် ၁၅**

ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်၏ ၂၀၂၅ ခုနှစ် တိုင်းမှူးဒိုင်း ဘောလုံးပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက်တပ်ရင်း/တပ်ဖွဲ့များမှ ပြိုင်ပွဲဝင်အသင်း ရှစ်သင်းဖြင့် ဇွန် ၂၇ ရက်မှ စတင်ကျင်းပလျက်ရှိရာ ယနေ့ယှဉ်ပြိုင်ကစားသည့် ဗိုလ်လုပွဲ ပွဲစဉ်တွင် မြိတ်တပ်နယ်အသင်းက အနိုင်ရရှိပြီး ဒိုင်းဆုရရှိခဲ့ကြောင်း သိရသည်။

အဆိုပါ တိုင်းမှူးဒိုင်း ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ယနေ့မွန်းလွဲပိုင်းတွင် တိုင်းစစ်ဌာနချုပ် အားကစားကွင်း၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန်နှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြပြီး ဗိုလ်လုပွဲ ပွဲစဉ်ဖြစ်သည့် မြိတ်တပ်နယ်အသင်းနှင့် မြိတ်လေတပ်စခန်းဌာနချုပ်အသင်းတို့၏ ယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးကြသည်။

**ပေးအပ်ချီးမြှင့်**

ထို့နောက်ဆုပေးပွဲကိုဆက်လက်ပြုလုပ်ရာ ဒိုင်အဖွဲ့ဝင်များ၊ တစ်ဦးချင်း ဆုရရှိကြသူများ၊ အသင်းလိုက် ဆုရရှိကြသူများနှင့် ဒိုင်းဆုရရှိသော မြိတ်တပ်နယ်အသင်းတို့အား တိုင်းမှူးနှင့် တာဝန်ရှိသူများက ဒိုင်းဆုနှင့် ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် အသက်(၁၈)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်များ ဆက်လက်ကျင်းပ

**နေပြည်တော် ဇူလိုင် ၁၅**

၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အသက်(၁၈)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်များကိုဇူလိုင် ၁၁ ရက်မှ ၁၈ ရက်အထိ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ဇုန် လေးဇုန်ခွဲ၍ ကျင်းပလျက်ရှိသည်။





**သရေကျ**

ယနေ့မွန်းလွဲ ၃နာရီမှ စတင်၍ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ အားကစား ဥယျာဉ်ကွင်း၌ ချင်းပြည်နယ်အသင်းနှင့် ကယားပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ကယားပြည်နယ်အသင်းက ချင်းပြည်နယ်အသင်းကို ခုနစ်ဂိုး-တစ်ဂိုးဖြင့် လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ကိုးသိန်းအားကစားကွင်း၌ ရခိုင်ပြည်နယ်အသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ရန်ကုန်တိုင်းဒေသကြီးအသင်းက ရခိုင်ပြည်နယ်အသင်းကို ကိုးဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ ကရင်ပြည်နယ် ဘားအံမြို့ ဇွဲကပင်အားကစားကွင်း၌ မွန်ပြည်နယ်အသင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ မွန်ပြည်နယ်အသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ ရှမ်းပြည်နယ် တောင်ကြီးမြို့ ပြည်နယ်အားကစားကွင်း၌ ရှမ်းပြည်နယ်အသင်းနှင့် ကချင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ တစ်ဖက် တစ်ဂိုးစီ သရေကျခဲ့သည်။

သက်ဆိုင်ရာ ဇုန်များအလိုက် အားကစားကွင်း အသီးသီးတွင် အသင်းများ၏ အကြိတ်အနယ် ယှဉ်ပြိုင်ခဲ့မှုများကို တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ ပြိုင်ပွဲကျင်းပရေးဆိုင်ရာ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် ဘောလုံးအားကစားဝါသနာရှင် ပွဲကြည့်ပရိသတ်များက တစ်ခဲနက် လာရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

ဇူလိုင် ၁၆ ရက်တွင် ပြိုင်ပွဲတစ်ရက် နားမည်ဖြစ်ပြီး ၁၇ ရက် မွန်းလွဲ ၃ နာရီမှ စတင်၍ အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များအဖြစ် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့အားကစားဥယျာဉ်ကွင်း၌ ပဲခူးတိုင်းဒေသကြီးအသင်းနှင့် ကယားပြည်နယ်အသင်း၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ကိုးသိန်းအားကစားကွင်း၌ ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်း၊ ကရင်ပြည်နယ် ဘားအံမြို့ ဇွဲကပင်အားကစားကွင်း၌ ကရင်ပြည်နယ် အသင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းတို့ ဆက်လက်ယှဉ်ပြိုင် သွားကြမည်ဖြစ်၍ အားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် မည်သူမဆို အခမဲ့ လာရောက်ကြည့်ရှုအားပေးနိုင်ပါကြောင်းနှင့် ဇွန် ၂၁ ရက်မှ စတင်၍ အမျိုးသားဘောလုံးပြိုင်ပွဲ ရှုံးထွက်ပွဲစဉ်များနှင့် ဗိုလ်လုပွဲ ပွဲစဉ်များကို ရန်ကုန်မြို့ရှိ အားကစားကွင်းများ၌ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ်ဖလား ဘောလုံးပြိုင်ပွဲ ကျင်းပ

**ရန်ကုန် ဇူလိုင် ၁၅**

သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် (ရန်ကုန်)၏ ၂၀၂၅ ခုနှစ် ပါမောက္ခချုပ်ဖလား ဘောလုံးပြိုင်ပွဲကို ဇူလိုင် ၇ ရက်မှ ၁၄ ရက်အထိ ရန်ကုန်မြို့ သုဝဏ္ဏ အားကစားကွင်းရှိ မြက်ခင်းတုဘောလုံးကွင်း၌ ကျင်းပရာ ကျောင်းသား ကျောင်းသူများ အသင်းခြောက်သင်းခွဲ၍ ပါဝင်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲသို့ ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများ တက်ရောက်အားပေးကြသည်။

ယမန်နေ့က ကျင်းပသည့် ဗိုလ်လုပွဲတွင် နောက်ဆုံးနှစ် ဘီဒီအက်စ်အသင်းက စတုတ္ထနှစ် ဘီဒီအက်စ်အသင်းကို အနိုင်ရရှိခဲ့သည်။

ထို့နောက် ဆုချီးမြှင့်ပွဲကိုကျင်းပရာ သက်ဆိုင်ရာ ပါမောက္ခ/ဌာနမှူးများက နေရာအလိုက် အကောင်းဆုံးဆုများနှင့် ဆုတံဆိပ်လည်ဆွဲတို့ကို လည်းကောင်း၊ ပါမောက္ခချုပ် ဒေါက်တာကျော်သီဟက ပထမဆုနှင့် ငွေသားဆုများကို လည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့သည်။





**KTH**

**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

## ကာယဆရာ ဆရာမများ တင်းနစ်သင်ကြားရေးသင်တန်းဆင်းပွဲအခမ်းအနား ကျင်းပ



ရန်ကုန် ဇူလိုင် ၁၅

ရန်ကုန်တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီ၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် လူငယ်ရေးရာအထောက်အကူပြုလုပ်ငန်းကော်မတီနှင့် ရန်ကုန်တိုင်းဒေသကြီး အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် ကာယဆရာ ဆရာမများ တင်းနစ်သင်ကြားရေးသင်တန်း (၂၀၂၅) သင်တန်းဆင်းပွဲကို ယမန်နေ့ညနေ ၄ နာရီတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့် မြို့နယ်ရှိ သိမ်ဖြူတင်းနစ်ကွင်း၌ ကျင်းပသည်။

**တက်ရောက်**

သင်တန်းဆင်းပွဲသို့ ရန်ကုန်တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီဒုတိယဥက္ကဋ္ဌ လူမှုရေးရာဝန်ကြီး ဦးဌေးအောင်၊ မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌနှင့် တာဝန် ရှိသူများ၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် လူငယ်ရေးရာ အထောက်အကူပြုလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဦးဇော်လွင်ဦးနှင့် ကော်မတီဝင်များ၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ သင်တန်းနည်းပြ ဆရာများ၊ သင်တန်းသားများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီ ဒုတိယဥက္ကဋ္ဌ လူမှုရေးရာဝန်ကြီး ဦးဌေးအောင်က အမှာစကား ပြောကြားပြီး ဒုတိယဥက္ကဋ္ဌ ဦးအောင်ကျော်ဆန်းက နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူးရုံး၊ တိုင်းပညာရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာချိုချိုမြတ်အောင်က ဂုဏ်ပြုစကား ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီ ဒုတိယဥက္ကဋ္ဌ လူမှုရေးရာဝန်ကြီး ဦးဌေးအောင်၊ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် လူငယ်ရေးရာ အထောက်အကူပြု လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးဇော်လွင်ဦးနှင့် ကော်မတီဝင်များ၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများက သင်တန်းသား သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်နှင့် ITF တင်းနစ်ဘောလုံးများ ပေးအပ်ကြပြီး သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သိရသည်။

**ကျော်ဆန်းမြင့်**

## မြဝတီမြို့၌ လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲ ကျင်းပ

မြဝတီ ဇူလိုင် ၁၅

ကရင်ပြည်နယ် မြဝတီမြို့၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကို ဇူလိုင် ၁၄ ရက်က အခြေခံပညာအထက်တန်းကျောင်း(ခွဲ) အောင်မြေရွှေဘုံ၌ ကျင်းပသည်။

အဆိုပါအသိပညာပေးဟောပြောပွဲတွင်အခြေခံပညာအထက်တန်းကျောင်း(ခွဲ) အောင်မြေရွှေဘုံမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်အေးမြင့်က အမှာစကားပြောကြားပြီး ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးရန်နိုင်ထွန်း၊ ဒုတိယဦးစီးမှူး ဦးလင်းထက်အောင်တို့က သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုဆိုင်ရာ အကြောင်းအရာများနှင့် စွန့်ပစ်အမှိုက်အမျိုးအစားခွဲခြားစေပြီး အရောင်အလိုက် ခွဲခြားထားသည့် အမှိုက်ပုံးများထဲသို့ အမှိုက်များအား စွန့်ပစ်ရမည့် နည်းလမ်းများကို ဟောပြောကာ ကျောင်းသား ကျောင်းသူများက စွန့်ပစ်အမှိုက်များ ခွဲခြားကာ လက်တွေ့သရုပ်ပြသခဲ့ကြသည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မာမာရီနှင့် ဦးစီးအရာရှိ ဒေါ်ဆောင်းနှင်းဖြူတို့က စာဖတ်ခြင်း၏အကျိုးကျေးဇူးများ၊ စာကြည့်တိုက်များ အသုံးပြုတတ်စေရန် နည်းလမ်းများကို ဟောပြောခဲ့ကြောင်း သိရသည်။

**ဆောင်းနှင်းဖြူ(ပြန်/ဆက်)**






## အလုံမြို့နယ်၌ အလုပ်တွင်ထိခိုက်မှုကြောင့် သေဆုံးမှုအတွက် ကျန်ရစ်သူအကျိုးခံစားခွင့် ခွင့်ပြုထုတ်ပေး

ရန်ကုန် ဇူလိုင် ၁၅

ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ် လူမှုဖူလုံရေးရုံး၌ ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ ကျန်ရစ်သူငွေကြေးအကျိုးခံစားခွင့် ခွင့်ပြုထုတ်ပေးခြင်းအခမ်းအနားကို ယမန်နေ့မွန်းလွဲပိုင်းက အဆိုပါရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး လူမှုဖူလုံရေးအဖွဲ့ တာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းနွဲ့ဦးက အမှာစကားပြောကြားပြီး ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေပါ အကျိုးခံစားခွင့်များအကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးတာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူးက အလုံမြို့နယ် လူမှုဖူလုံရေးရုံး၌ အကျုံးဝင်မှတ်ပုံတင်ထားသော Asia Guiding Star Services Co.,Ltd မှ အာမခံအလုပ်သမား၏ အလုပ်တွင်ထိခိုက်မှုကြောင့် သေဆုံးမှုအတွက် ကျန်ရစ်သူငွေလုံးငွေရင်းအကျိုးခံစားခွင့် ငွေကျပ် ၁၅၀၀၀၀၀၀ ကို သေဆုံးသူ၏ မိခင်ဖြစ်သူ ဒေါ်ဘာရသီ(ခ) ဒေါ်ရသီခရစ္စနားထံသို့ ရုံးခွဲတာဝန်ခံ၊ နယ်မြေတာဝန်ခံအလုပ်ဌာနမှ တာဝန်ရှိသူများ၏ရှေ့တွင် လက်ဝယ်ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ရောဝတီမြစ်ကမ်းအနီး မြေနိမ့်ပိုင်းနေထိုင်သူများ မြစ်ရေမြင့်တက်လာပါက အချိန်မီ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်

နေပြည်တော် ဇူလိုင် ၁၅

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ချောက်မြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အောက် ပေ၀က်ခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဆိပ်သာမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အောက် ပေ၀က်ခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဟင်္သာတမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အောက် ပေ၀က်ကျော်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် ၃၆ နာရီအတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဇလွန်မြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အောက် တစ်ပေခွဲခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ချောက်မြို့နယ်၊ ဟင်္သာတမြို့နယ်၊ ဇလွန်မြို့နယ်နှင့် ဆိပ်သာမြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများ အနေဖြင့် ကြိုတင်သတိပြုနိုင်ပါရန်နှင့် မြစ်ရေမြင့်တက်လာပါက အချိန်မီရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ **မိုး/ဇလ**

## ညောင်ဦးမြို့နယ်နှင့် မဒေါက်မြို့အတွင်း မြစ်ကမ်းအနီး မြေနိမ့်ပိုင်းနေထိုင်သူများ ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ရန် သတိပေးနှိုးဆော်

နေပြည်တော် ဇူလိုင် ၁၅

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ညောင်ဦးမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်သို့ တစ်စင်တီမီတာခန့် ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း နှစ်လက်မခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်သို့ ပေ၀က်ခန့်ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း နှစ်လက်မခန့် ကျဆင်းလာနိုင်ကာ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ညောင်ဦးမြို့နယ်နှင့် မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ရန် သတိပေးနှိုးဆော်အပ်ပါသည်။ **မိုး/ဇလ**

## အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှား

နေပြည်တော် ဇူလိုင် ၁၅

ဇူလိုင် ၁၄ ရက် ည ၉ နာရီ၊ ၄၉ မိနစ်၊ ၅၃ စက္ကန့်တွင် ကျိုင်းတုံ မြေငလျင်စခန်းမှ အရှေ့-အရှေ့မြောက်ဘက် မိုင်၂၀ ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (မိုင်းလားမြို့၏ တောင်-အနောက်တောင်ဘက် ၂၂ မိုင်ခန့်အကွာ)၊ မြောက်လတ္တီတွဒ် ၂၁ ဒသမ ၃၈ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၉ ဒသမ ၈၈ ဒီဂရီ၊ အနက် ခုနစ်ကီလိုမီတာကိုဗဟိုပြု၍ အင်အားရစ်(ခ်)တာစကေး ၃ ဒသမ ၇ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။ **မိုး/ဇလ**

## ဇီးကုန်းမြို့နယ်၌ (၇၈)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ၊ စာအုပ်စာစောင်ပြပွဲနှင့် ဆုပေးပွဲကျင်းပ

ဇီးကုန်း ဇူလိုင် ၁၅

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ်၌ (၇၈)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲ၊ စာအုပ်စာစောင်၊ နံရံကပ်စာစောင်ပြပွဲနှင့် ဆုပေးပွဲကို ယနေ့နံနက်ပိုင်းက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနလူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

**ချီးမြှင့်ပေးအပ်**

ဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိဒေါ်မာမာဦးက အာဇာနည်နေ့အကြောင်းနှင့် ပြိုင်ပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူများက “အာဇာနည်နေ့နှင့်လူငယ့်တာဝန်” ခေါင်းစဉ်ဖြင့် ပါဝင်ယှဉ်ပြိုင်ကြပြီး ဆုရရှိသူများအား မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်မြတ်ကေခိုင်နှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# တရုတ်သမ္မတနှင့် ရုရှားနိုင်ငံခြားရေးဝန်ကြီး တွေ့ဆုံ

**ပေကျင်း ဇူလိုင် ၁၅**

တရုတ်နှင့် ရုရှားနှစ်နိုင်ငံအကြား ကဏ္ဍစုံရှိ လုပ်ငန်းမူဘောင်များတွင် အပြန်အလှန်ကူညီမှု မြှင့်တင်ပြီး ဖွံ့ဖြိုးတိုးတက်မှုနှင့် လုံခြုံရေးဆိုင်ရာ အကျိုးစီးပွားများကို ထိန်းသိမ်းစောင့်ရှောက်ကာ ကမ္ဘာ့တောင်ဘက်ခြမ်းနိုင်ငံများ၏ ညီညွတ်မှုကို ရှေးရှုပြီး နိုင်ငံတကာမျက်နှာစာကို ညီမျှမှုရှိသည့် လမ်းကြောင်းသို့ ဦးတည်ဆောင်ရွက်သွားမည်ဟု တရုတ်သမ္မတရှီကျင့်ဖျင်က ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ဗရော့ဗ်နှင့် ပေကျင်းမြို့တွင် တွေ့ဆုံစဉ် ပြောကြားခဲ့သည်။

ထို့ပြင် ရှန်ဟိုင်း ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းကို ဖော်ဆောင်ရာတွင် အပြန်အလှန်ပံ့ပိုးကူညီမှုရှိရန်နှင့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၏ အရှိန်အဟုန်ကို မြှင့်တင်ရန် အပါအဝင် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၏စကြိုကို ခိုင်မာစေရေးဆောင်ရွက်ရန် သမ္မတရှီကျင့်ဖျင်က မှတ်ချက်ပြုပြောကြားသည်။ ရုရှားသမ္မတ ပူတင်ထံသို့ မိမိ၏နှုတ်ခွန်းဆက်စကားများကို ရင်းနှီးခင်မင်မှုရှိရှိ ပေးပို့လိုက်ကြောင်းနှင့် နှစ်ဖက်စလုံးအနေဖြင့် ရရှိထားသည့် အရေးပါသည့် သဘောတူညီချက်များကို လိုက်နာဆောင်ရွက်ရမည်ဖြစ်ကာ တရုတ်-ရုရှားပြီးပြည့်စုံသည့် မဟာဗျူဟာမြောက်ဆက်ဆံရေးကို မြှင့်တင်ရမည်ဟု ရှီက ပြောကြားခဲ့သည်။ ပြီးပြည့်စုံသော ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ယန္တရားဖြစ်သည့် တရုတ်နှင့် ရုရှားတို့အပါအဝင်နိုင်ငံများဖြင့် ပူးပေါင်းဖွဲ့စည်းထားသော ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့သည် ယူရေးရှားဒေသတစ်ဝန်း ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ထိန်းသိမ်းရာတွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်သည်ဟု ရှီက မှတ်ချက်ပြုသည်။

ရုရှားသမ္မတပူတင်ထံမှ ရင်းနှီးဖော်ရွေမှုရှိသည့် နှုတ်ခွန်းဆက်စကားများကို မိမိမှတစ်ဆင့် တရုတ်သမ္မတရှီကျင့်ဖျင်ထံ ပါးလိုက်ကြောင်းနှင့် နှစ်နိုင်ငံခေါင်းဆောင်များ၏ မဟာဗျူဟာကျသည့် ခေါင်းဆောင်မှုအောက်တွင် တရုတ်-ရုရှားမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်ရေးသည် နက်ရှိုင်းစွာဖြင့် ဖွံ့ဖြိုးတိုးတက်နေကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ဗရော့ဗ်က ပြောကြားသည်။ ရုရှားနိုင်ငံသည် တရုတ်နိုင်ငံနှင့် ဆက်ဆံရေးကို အလေးထားပြီး ယခုနှစ်ကဲ့သို့သော ကမ္ဘာ့ဖက်ဆစ်



စနစ် ဆန့်ကျင်ရေးစစ်ပွဲအောင်ပွဲ နှစ် (၈၀) ပြည့်မြောက်သည့် ထူးခြားသည့်အခါသမယတွင် တရုတ်နိုင်ငံနှင့် ရုရှားနိုင်ငံအကြား အဆင့်မြင့်တာဝန်ရှိသူများ အချင်းချင်း ဆက်သွယ်ဆက်ဆံရေးမြှင့်တင်ဆောင်ရွက်ရန် မျှော်လင့်ကြောင်း ၎င်းကပြောကြားသည်။ တရုတ်နှင့် ရုရှားအကြား ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်မည်ဖြစ်ကာ ဒေသတွင်းနှင့် နိုင်ငံတကာ အရေးများတွင် ညှိနှိုင်းဆောင်ရွက်ပြီး ဒေသတွင်းနှင့် ကမ္ဘာကြီး၏ ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကို မြှင့်တင်ဆောင်ရွက်မည်ဟု ၎င်းကပြောကြားသည်။ ထို့ပြင် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၏ အလှည့်ကျ သဘာပတိအဖြစ် တရုတ်နိုင်ငံက ဆောင်ရွက်ခြင်းကို ရုရှားကထောက်ခံပြီး တီယန်ကျင်းတွင် ကျင်းပမည့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ ထိပ်သီးဆွေးနွေးပွဲ အောင်မြင်စေရေး ပူးပေါင်းဆောင်ရွက်မည်ဟု ၎င်းကပြောကြားသည်။

**ကိုးကား - ဆင်ဟွာ**

**ဘာသာပြန် - စိုးသူရ**



# အမေရိကန်နိုင်ငံရှိ အသံလွှင့်ဌာနများက တရုတ်နိုင်ငံ အမျိုးသားအနုပညာစင်တာ သံစုံတီးဝိုင်းဖျော်ဖြေမှုများ ထုတ်လွှင့်

**ဝါရှင်တန် ဇူလိုင် ၁၅**

တရုတ်နိုင်ငံ အမျိုးသားအနုပညာစင်တာမှ တင်ဆက်သည့် သံစုံတီးဝိုင်းဖျော်ဖြေမှုများကို အမေရိကန်နိုင်ငံရှိ အသံလွှင့်ဌာနများက ထုတ်လွှင့်ခဲ့ကြောင်း သိရသည်။

၎င်းအစီအစဉ်ကို ချီကာဂိုရှိ ဒဗလျူအက်ဖ်အမ်တီ အသံလွှင့်ဌာနက စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

အရှေ့တိုင်းနှင့် အနောက်တိုင်းတေးဂီတများကို ပေါင်းစပ်ထားသည့် ၎င်းအစီအစဉ်သည် အမေရိကန်တေးပရိသတ်များအတွက် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကာ ဩဂုတ်လတွင် ဥရောပ၌ ကျင်းပမည့် တရုတ်နိုင်ငံ အမျိုးသားအနုပညာစင်တာ၏ ဖျော်ဖြေမှုအကြိုအဖြစ် ဆောင်ရွက်ခြင်းဖြစ်သည်။ သံစုံတီးဝိုင်းနှင့် ရုပ်သေးပြဇာတ်များသည် အရှေ့နှင့် အနောက်ဒေသ ယဉ်ကျေးမှုဖလှယ်ရေးအတွက် ဆောင်ရွက်ခြင်းဖြစ်ကာ တရုတ်နိုင်ငံ၏ ဂီတသည် လှပသည့်သံစဉ်များကိုသာမက နှစ်ပေါင်းထောင်ချီတည်ရှိသည့် တရုတ်ယဉ်ကျေးမှုကိုလည်း ပြသနေကြောင်း ၎င်းစင်တာတာဝန်ရှိသူ အယ်ဗီဂီယာက ပြောကြားသည်။ ဒဗလျူအက်ဖ်အမ်တီ အသံလွှင့်ဌာနသည် ၂၀၂၂ ခုနှစ်မှစတင်၍ တရုတ်နိုင်ငံ အမျိုးသား အနုပညာစင်တာနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ပြီး ထပ်မံ၍လည်း ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း ဒဗလျူအက်ဖ်အမ်တီ အသံလွှင့်ဌာနတာဝန်ရှိသူ ရော်ဂျာဝစ်က ပြောကြားသည်။

**ကိုးကား - ဆင်ဟွာ**

**ဘာသာပြန် - စိုးသူရ**

# ဗီယက်နမ်နိုင်ငံ ဟန္နိုင်းမြို့တွင် တစ်ခါသုံး ပလတ်စတစ်သုံးစွဲခြင်းကို တားမြစ်မည်

**ဟန္နိုင်း ဇူလိုင် ၁၅**

ဗီယက်နမ်နိုင်ငံ မြို့တော်ဟန္နိုင်းမြို့လယ်ရှိစားသောက်ဆိုင်များ၊ ကော်ဖီဆိုင်များနှင့် အဖျော်ယမကာ ရောင်းချသည့်ဆိုင်များတွင် ယခုနှစ် အောက်တိုဘာမှ ဒီဇင်ဘာလအတွင်း တစ်ခါသုံး ပလတ်စတစ်များ အသုံးပြုခြင်းကို တားမြစ်မည်ဖြစ်ကြောင်း လာအိုဒေါင်သတင်းစာ၏ ဇူလိုင် ၁၅ ရက်သတင်းအရ သိရသည်။

တစ်ခါသုံး ပလတ်စတစ်ပစ္စည်းများသုံးစွဲခြင်းကို ဟန္နိုင်းမြို့တစ်ခုလုံးတွင် ချဲ့ထွင်ဆောင်ရွက်မည်ဖြစ်သည်။ ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ စတင်၍ ဟိုတယ်များနှင့် အပန်းဖြေစခန်းများတွင် ပလတ်စတစ်ဖြင့် ပြုလုပ်ထားသည့် သွားတိုက်တံများ၊ မုတ်ဆိတ်ရိတ်ဓားများ၊ နားကြပ်တံများ၊ ရေချိုးခန်းသုံး ခေါင်းဆောင်းများနှင့် ပလတ်စတစ်ဖြင့် ပြုလုပ်ထားသည့် လူသုံးကုန်ပစ္စည်းများကို တားမြစ်မည်ဟု သိရသည်။ ၂၀၂၇ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစတင်၍ စတိုးဆိုင်များနှင့်ဈေးများတွင် ပလတ်စတစ်အိတ်များကို အခမဲ့ရယူခြင်းမှ တားမြစ်မည်ဖြစ်ကာ ၂၀၂၈ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစတင်၍ တစ်ခါသုံး ပလတ်စတစ်ပစ္စည်းများထုတ်လုပ်ခြင်းကို တားမြစ်မည်ဖြစ်သည်။ ဟန္နိုင်းတွင် တစ်နေ့လျှင် ပလတ်စတစ် စွန့်ပစ်ပစ္စည်းတန်ချိန် ၁၄၀၀ ကျော် ထွက်ရှိနေပြီး ၎င်းတို့အနက်မှ ၆၀ ရာခိုင်နှုန်းမှာ တစ်ခါသုံး ပလတ်စတစ် ပစ္စည်းများဖြစ်ကြောင်း ဟန္နိုင်းပြည်သူ့ကော်မတီက ပြောကြားသည်။

**ကိုးကား - ဆင်ဟွာ**

**ဘာသာပြန် - စိုးသူရ**



# ရုရှားနိုင်ငံမြို့တော် မော်စကိုမှ မြောက်ကိုရီးယားနိုင်ငံမြို့တော် ပြုံယမ်းသို့ တိုက်ရိုက်လေကြောင်းခရီးစဉ် ပြေးဆွဲမည်

**မော်စကို ဇူလိုင် ၁၅**

ရုရှားနိုင်ငံ မြို့တော်မော်စကိုမှ မြောက်ကိုရီးယားနိုင်ငံ မြို့တော် ပြုံယမ်းသို့ တိုက်ရိုက်ပြေးဆွဲမည့် ပထမဆုံးလေကြောင်းခရီးစဉ်ကို ဇူလိုင် ၂၇ ရက်တွင် စတင်ပြေးဆွဲမည်ဖြစ်ကြောင်း ရုရှားပို့ဆောင်ရေးဝန်ကြီးဌာနက ဇူလိုင် ၁၄ ရက်တွင် ပြောကြားသည်။

လစဉ်လေကြောင်းခရီးစဉ်တစ်ကြိမ် ပျံသန်းပြေးဆွဲမှုကိုဆောင်ရွက်မည်ဖြစ်ပြီး ၎င်းခရီးစဉ်သည် ပျံသန်းချိန် ရှစ်နာရီ ကြာမြင့်မည်ဟု သိရသည်။ ရုရှားလေကြောင်းတာဝန်ရှိသူများသည် ဇူလိုင်လအစောပိုင်းက နေ့ဝင်းလေကြောင်းလိုင်းအား ၎င်းခရီးစဉ်ပြေးဆွဲရန် ခွင့်ပြုခဲ့သည်။

လက်ရှိအချိန်တွင် မြောက်ကိုရီးယားလေကြောင်းလိုင်း Air Koryo သည် ရုရှားနိုင်ငံ ဗလာဒီဗော့စတော့နှင့် ပြုံယမ်းအကြား သီတင်းတစ်ပတ်လျှင် သုံးကြိမ်ပြေးဆွဲနေသည်။

**ကိုးကား - ဆင်ဟွာ**

**ဘာသာပြန် - စိုးသူရ**

# အာဖရိကဒေသတွင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ မှုခင်းများဖြစ်ပွားမှုမြင့်တက်

**နိုင်ရိုဘီ ဇူလိုင် ၁၅**

အာဖရိကဒေသတွင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ မှုခင်းများဖြစ်ပွားမှုမြင့်တက်နေခြင်းသည် ဒေသတွင်း ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုများကို အနှောင့်အယှက်ပေးနေကြောင်း အာဖရိကဒေသ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဝန်ကြီးများ ညီလာခံတွင် တာဝန်ရှိသူများက ပြောကြားသည်။

ဒေသတွင်း သဘာဝပတ်ဝန်းကျင်ဆိုင်ရာ မှုခင်းများကိုနှိမ်နင်းခြင်းဖြင့် အာဖရိကဒေသအား ဖွံ့ဖြိုးမှုနှင့် တည်ငြိမ်မှုများ ရရှိစေမည်ဖြစ်ကြောင်း ကုလသမဂ္ဂသဘာဝပတ်ဝန်းကျင် အစီအစဉ်တာဝန်ရှိသူ အဗာဗူနမ်ဝမ်ဗာက ပြောကြားသည်။ ယခုညီလာခံတွင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ မှုခင်းများနှိမ်နင်းရေးကို ဆွေးနွေးခဲ့ကြပြီး ရာသီဥတုအရေးနှင့် ဇီဝမျိုးစုံ မျိုးကွဲကာကွယ် စောင့်ရှောက်ရေးတို့ကိုလည်း ဆွေးနွေးခဲ့ကြကြောင်း ၎င်းက ပြောကြားသည်။ ထို့ပြင် ဒေသတွင်း တရားမဝင် ငါးဖမ်းမှုနှင့် သတ္တုတူးဖော်မှုများကြောင့် သဘာဝပတ်ဝန်းကျင် ထိခိုက်လာသဖြင့် ကာကွယ်တားဆီးရေးအတွက် အစီအစဉ်များ ဆောင်ရွက်ရမည်ဟု တာဝန်ရှိသူများက ပြောကြားသည်။

**ကိုးကား - ဆင်ဟွာ**

**ဘာသာပြန် - စိုးသူရ**

■

# တရားမဝင်လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ယာဉ်များ၊ လိုင်စင်မဲ့ဆိုင်ကယ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် ဇူလိုင် ၁၅

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိသည်။

ဇူလိုင် ၁၁ ရက်တွင် သီလဝါဆိပ်ကမ်း၌ ကုန်သေတ္တာတစ်လုံး အတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေ ၁၇၄၈၄၇၀၅ ကျပ်)ကိုလည်းကောင်း၊ ဇူလိုင် ၁၂ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ MAI Airlines လေယာဉ်ခရီးစဉ်အမှတ် 8M–232/ SF – 6582 ဖြင့် စင်ကာပူနိုင်ငံမှ မြန်မာနိုင်ငံသို့လိုက်ပါလာသည့် မြန်မာနိုင်ငံသားခရီးသည်တစ်ဦး၏ ဝန်စည်အတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၀၀၀၀၀)ကို လည်းကောင်း၊ ဇူလိုင် ၁၄ ရက်တွင် အေးရှားဝေါလ်ဆိပ်ကမ်း၌ ကုန်သေတ္တာ ၂၀ အတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၈၇၅၈၂၀၀၀)ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ လေဆိပ်ကုန်လှောင်ရုံ၌ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၅ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၇၃၉၆၀၀)ကိုလည်းကောင်း၊ ရန်ကုန်– ပဲခူးလမ်းဟောင်း၊ ပဲခူးတိုးဂိတ်အနီး၌ မြဝတီမြို့မှရန်ကုန်မြို့သို့မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းသုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၈၆၃,၈၂၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေ ၆၁၄၇၀၁၂၅ ကျပ်ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇူလိုင် ၁၄ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြဝတီကုန်သွယ်ရေးဇုန်အနီးရှိ ဂိုဒေါင်တစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ သိမ်းဆည်းရမိမှု။

ထို့ပြင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကော့သောင်းမြို့ အေးရိပ်ငြိမ်ရပ်ကွက် ဗိုလ်ရွဲလမ်း အင်ဂျင်ဝိုင်စက်ရုံဟောင်းအနီး၌ စုပုံထားသော အကောက်ခွန်မဲ့ လုပ်ငန်းသုံးပစ္စည်းလေးမျိုး စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၁၁၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇူလိုင် ၁၄ ရက်တွင် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဖမ်းဆီးရမိမှုစာရင်းများအရ လိုင်စင်မဲ့ယာဉ် ၁၁ စီးနှင့် လိုင်စင်မဲ့ဆိုင်ကယ် အစီး ၅၀ သိမ်းဆည်းရမိခဲ့ပြီး သက်ဆိုင်ရာလုပ်ထုံးလုပ်နည်း ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇူလိုင် ၁၁ ရက်၊ ၁၂ ရက်နှင့် ၁၄ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၀ မှု (ခန့်မှန်းတန်ဖိုးငွေ ၈၁၆,၅၈၀,၁၂၅ ကျပ်)ကို သိမ်းဆည်းရမိခဲ့သည်။ တရားမဝင်တင်သွင်းမှုများကြောင့် သွင်းကုန်အစားအထိုး ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် စက်မှုဇုန်များရှိ အသေးစား၊ အလတ်စားလုပ်ငန်းများကို ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်စေပြီး နိုင်ငံ၏စီးပွားရေးဦးတည်ချက်များကိုပါ ထိခိုက်စေနိုင်သည်။ သို့ဖြစ်ပါ၍ ၎င်းတရားမဝင်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

# အမျိုးသမီးများကို တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားရန် စီစဉ်ဆောင်ရွက်ခဲ့သူနှင့် ငါးဖမ်းသင်္ဘောပေါ်သို့ ပို့ဆောင်၍ လုပ်အားခခေါင်းပုံဖြတ် ရယူခဲ့သူတို့အား လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ်ချမှတ်

နေပြည်တော် ဇူလိုင် ၁၅

အမျိုးသမီးများကို တရုတ်ယောက်ျားယူရန်ပြောဆိုစည်းရုံးပြီး တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားရန် စီစဉ်ဆောင်ရွက်ခဲ့သူနှင့် ငါးဖမ်းအလုပ် လုပ်ကိုင်ရန် ငါးဖမ်းသင်္ဘောပေါ်သို့ ပို့ဆောင်၍ လုပ်အားခခေါင်းပုံဖြတ် ရယူခဲ့သူတို့အား လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ်ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်နေ မ-----၊ ၃၀ နှစ်နှင့် မ-----၊ ၂၅ နှစ်တို့ကို ခင်မင်ရင်းနှီးသည့် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် စိန်ပန်းရပ်နေ ကိုရဲက တရုတ်ယောက်ျားယူရမည် ငွေကျပ်သိန်း ၆၀ ရရှိမည်၊ ခရီးစရိတ်အကုန်ကျခံခေါ်ပေးမည်ဟု စည်းရုံးပြောဆို၍ မြစ်ကြီးနားမြို့သို့ ခေါ်ဆောင်သွားခဲ့ပြီး မြစ်ကြီးနားမြို့ရှိ တည်းခိုခန်းတစ်ခုသို့ ပို့ဆောင်ပေးခဲ့ကြောင်း၊ မြစ်ကြီးနားမြို့ တည်းခိုခန်းတွင် တရုတ်နိုင်ငံသို့သွားရောက် အလုပ်လုပ်ကိုင်ရန် တည်းခိုနေသည့် မ-----၊ ၂၄ နှစ် အား ကိုရဲက တရုတ်ယောက်ျားယူရန် ထပ်မံစည်းရုံးပြောဆိုခဲ့ကြောင်း ၎င်းတို့သုံးဦးကို တရုတ်နိုင်ငံသို့ ပို့ဆောင်ပေးမည့်လူပွဲစားက လာရောက်ခေါ်ဆောင်ခြင်းမရှိသဖြင့် ကျိုင်းတုံမြို့မှတစ်ဆင့် တရုတ်နိုင်ငံသို့ပို့ဆောင်ရန် မန္တလေးမြို့သို့ အငှားယာဉ်ဖြင့် ခေါ်ဆောင်လာစဉ် စစ်ဆေးတွေ့ရှိခဲ့သည်။

တရုတ်နိုင်ငံသို့ပို့ဆောင်ကာ တရုတ်ယောက်ျားထံရောင်းစားရန် စီစဉ်ဆောင်ရွက်ခဲ့သူ ကိုရဲအား အမရပူရမြို့မရဲစခန်း (ပ) ၄၉/၂၀၂၅ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅/၄၄ ဖြင့် အမှုရေးဖွင့်တရားစွဲတင်ခဲ့ပြီး ဇူလိုင် ၁၄ ရက်တွင် အမရပူရခရိုင်တရားရုံးက တရားခံ ကိုရဲအား လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၅ အရ အလုပ်နှင့် ထောင်ဒဏ် ၁၅ နှစ်ကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။

**အမှုရေးဖွင့်**

ထို့အတူ ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် ရခိုင်ရိုးလေးကျေးရွာနေ ဦး-----၊ ၃၈ နှစ်အား တစ်ရပ်ကွက်တည်းနေ မပပက ဖျာပုံမြို့နယ် မြစ်တန်းကျေးရွာရှိ စက်လှေပေါ်တွင် ပိုက်ထောင်သည့်အလုပ်အားလုပ်ကိုင်ပါက တစ်လလျှင် စရိတ်ငြိမ်းငွေကျပ်နှစ်သိန်းခန့်ရမည်၊ ကိုယ်တိုင်လိုက်ပါပို့ဆောင်ပေးမည်ဟု စည်းရုံးပြောဆို၍ မိုးမင်းဝင်း(ခ) ငမိုးထံပို့ဆောင်ပေးခဲ့ကြောင်း၊ မိုးမင်းဝင်း(ခ)ငမိုးက “ဖြိုး”ရေစင်သို့ ပို့ဆောင်ပေးခဲ့သဖြင့် ငါးဖမ်းသင်္ဘောပေါ်တွင် ခြောက်လကျော်ခန့် အလုပ်လုပ်ကိုင်ခဲ့ရကြောင်း၊ လုပ်အားခထုတ်ယူချိန်တွင် မရရှိဘဲ မိုးမင်းဝင်း(ခ)ငမိုးက လုပ်အားခငွေကျပ် ၁၀ သိန်းကို ကြိုတင် ခေါင်းပုံဖြတ်ထုတ်ယူသွားကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် တက်သစ်နယ်မြေရဲစခန်း (ပ) ၇/ ၂၀၂၅၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၆ ဖြင့် အမှုရေးဖွင့်တရားစွဲတင်ခဲ့သည်။

ဇွန် ၃၀ ရက်တွင် မှော်ဘီခရိုင်တရားရုံးက တရားခံ မိုးမင်းဝင်း(ခ)ငမိုးကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၆ အရ အလုပ်နှင့်ထောင်ဒဏ် ၅ နှစ်ကျခံစေရန် အမိန့်ချမှတ်ခဲ့ပြီး တရားခံ မပပအား ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၈၇/ ၈၈ အတည်ပြုထုတ်ဆင့်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၆-၇-၂၀၂၅ ဗုဒ္ဓဟူးနေ့

### MRTV HD

- ၀၆:၀၀ အန္တရာယ်ကင်းပရိတ်တရားတော် (မေတ္တသုတ်၊ ရတနသုတ်၊ တောရှုံ့သုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၄၀ မြေလျှင်ဘေးအလွန် အကျပ်အတည်းများ အကြားမှ စီးပွားရေးအခွင့်အလမ်းများ ရှာဖွေဖော်ထုတ်ကာ ကျော်လွှားကြမည် (Video Clip)
- ၀၉:၁၀ မွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှုမှသည် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးဆီသို့
- ၁၁:၁၀ ကမ္ဘာတစ်လွှားအနုပညာသတင်းများ
- ၁၁:၃၅ ရှုပွယ်စုံလင်အာဆီယံအစီအစဉ်
- ၁၂:၄၀ နိုင်ငံခြားဇာတ်လမ်းတွဲ ‘တော်ဝင်စားဖွဲ့’ (အပိုင်း–၅)
- ၁၃:၂၀ မြေဆီစိုခိုက်သစ်ပင်စိုက်ကြပါစို့
- ၁၃:၃၀ MRTV National News
- ၁၄:၀၀ မြန်မာဇာတ်လမ်းတွဲ ‘ထာဝရပန္နလေး’ (အပိုင်း–၂၃ + ၂၄)
- ၁၅:၃၀ Weekly Soccer Preview
- ၁၆:၄၀ မျိုးဝှက်တင့်စေဆိုကရေးတီးအငြွေ
- ၁၇:၁၀ ရှေ့သို့ချီမည်ပန်းတိုင်ဆီ
- ၁၇:၃၅ NEXT LEVEL
- ၁၈:၃၅ ပြည်ချစ်သားမွန်တေးသဂင်္ဂီ
- ၁၈:၄၅ သံစဉ်ချိုမြမြန်မာတေးအလှ
- ၁၉:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ ‘တော်ဝင်စားဖွဲ့’ (အပိုင်း–၃၃)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ ပြည်ချစ်သားမွန်တေးသဂင်္ဂီ
- ၂၁:၁၀ သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
- ၂၁:၃၀ (၃၈)ဖြာမင်္ဂလာ ‘ဒုန္တဝ’ (သည်းခံခြင်းသာ အောင်နိုင်ရာ)
- ၂၁:၅၅ နိုင်ငံခြားဇာတ်လမ်းတွဲ ‘မုန်တိုင်းတစ်ခုရဲ့နိဂုံး’ (အပိုင်း–၂)

### mitv

- 07:01 Evergreen Classic: Dhamma Set Taw (Sein Lei Lei)
- 07:07 Tech Digest
- 07:15 Commercial Farmimg to GDP Growth, Lady's Fingers Grower
- 07:27 From Bamboo Strip to Sublime Buddha
- 07:49 Pwe Kauk Waterfall Resort (BE. FALLS)
- 08:26 Bridge On The River Tapam
- 08:48 Wushu Kids & Their Limit
- 09:01 Journey To The Mogok (Part-1)
- 09:23 Kayah
- 09:31 Strokes from Heart of Periodical Artists

### Me

- ၀၆:၀၀ အဖွင့်၊ ဓမ္မပူဇာတေးသီချင်းများ
- ၀၆:၂၅ တိုင်းရင်းသားသီချင်း၊ အက (ချင်း)
- ၀၇:၀၅ စတီရီယိုတေးများ
- ၀၇:၃၀ မြန်မာဇာတ်လမ်းတွဲ ‘ထာဝရပန္နလေး’ (အပိုင်း–၂၃၊ ၂၄)
- ၀၈:၅၀ ဇာတ်တော်ကြီး ‘ရာမယဏဇာတ်တော်ကြီး’ (ပထမပိုင်း)
- ၁၀:၁၀ ကမ္ဘာတစ်လွှားအနုပညာသတင်းများ
- ၁၀:၃၅ ဇာတ်တော်ကြီး ‘ရာမယဏဇာတ်တော်ကြီး’ (ဒုတိယပိုင်း)
- ၁၉:၃၀ မြန်မာဇာတ်လမ်းတွဲ ‘ထာဝရပန္နလေး’ (အပိုင်း–၂၅၊ ၂၆)

### MRTV NRC

**ကယား (၀၆:၀၀ မှ ၀၈:၀၀)**
မိုးသားတိမ်ထုအောက်ကလှိုင်နန်းပတောင်အလှ

**စကောကရင် (၀၈:၀၀ မှ ၀၉:၀၀)**
ထူးခြားဆန်းပြားကရင်တူရိယာများနှင့်တေးသံသာများ

**အနောက်ပိုးကရင် (၀၉:၀၀ မှ ၁၀:၀၀)**
ကရင်စကားပုံများအကြောင်း(အပိုင်း–၂)

**အရှေ့ပိုးကရင် (၁၀:၀၀ မှ ၁၁:၀၀)**
တို့ရွာအကြောင်း

**ချင်း (လိုင်ဇိုး) (၁၁:၀၀ မှ ၁၂:၀၀)**
ချင်းရိုးရာအစားအစာဘူဘယ်ရှိချက်ပြုတ်နည်း

**ချင်း (ချိုး) (၁၂:၀၀ မှ ၁၃:၀၀)**
သူတို့ရဲ့ဒုတိယရင်ခွင်

**မွန် (၁၃:၀၀ မှ ၁၅:၀၀)**
ဆွေညီနောင်ဘာသာစကားဖြင့်ချစ်ကြည်စေမည် (အပိုင်း–၁၀)

**ရခိုင် (၁၅:၀၀ မှ ၁၇:၀၀)**
ဝါးတုတ်ချက်နှင့်ရိုကင်းသုပ်

**ရှမ်း (၁၇:၀၀ မှ ၁၉:၀၀)**
ရိုးရာထိန်းလို့အရိပ်ပေးတို့ရှမ်းမျိုးရဲ့ခမောက်လေး

**ဝ (၁၉:၀၀ မှ ၂၁:၀၀)**
ဝမိဘမဲ့ဘော်ဒါဆောင်

**ကချင် (၂၁:၀၀ မှ ၂၃:၀၀)**
လချိဒ်ရိုးရာဝတ်စုံဝတ်ဆင်ပုံ

### MRTV NEWS

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၀၉:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၂:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၄:၀၀ MRTV National News
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
- ၁၇:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၉:၄၅ Sports Max
- ၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၀:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၂၀:၄၅ Festivals Around The World

### MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေ ကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ ‘ထိုင်းနိုင်ငံ’
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို ‘အာဟာရ’
- ၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေ ကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ ‘ဗီယက်နမ်နိုင်ငံ’
- ၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း ‘အင်ဒိုနီးရှားနိုင်ငံ’
- ၁၁:၃၀ ရှေ့သို့ချီမည်ပန်းတိုင်ဆီ (အပိုင်း–၉၀)

### MRTV FARMERS HD

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
- ၀၆:၁၅ တန်ဖိုးမြင့်မားမြန်မာ့ကော်ဖီစိုက်ကြပါစို့လား
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
- ၁၈:၂၀ Livestock on the Land
- ၁၈:၄၅ June Tour of Our South Garden
- ၂၀:၀၀ ညို့(ဇာတ်လမ်း)
- ၂၂:၀၀ Depature (နိုင်ငံခြားဇာတ်လမ်း)

### MRTV SPORTS HD

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက် လမ်းပြကြယ်
- ၀၆:၅၀ Sports Diary
- ၀၇:၄၀ Weekly MNL Review
- ၁၂:၀၀ AYA Bank Women Futsal League ULAD FC Vs Kyaung Sayar TarHtwe FC
- ၁၇:၀၀ အားကစားသတင်း

Scan Here
MRTV | MRTV | MRTV Radio | MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ ညနေ (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

# အွန်လိုင်းလိမ်လည်မှုနှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ဗီယက်နမ်နိုင်ငံသား ၄၆ ဦး ထပ်မံလွှဲပြောင်းပေးအပ်

**နေပြည်တော် ဇူလိုင် ၁၅**

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့-ရွှေကုက္ကိုလ် မဲ့ထော်သလေး (KK Park)နှင့် ကျောက်ခတ်နယ်မြေတို့တွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် ဗီယက်နမ်နိုင်ငံသား ၄၆ ဦးအား မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်းပေးသည်။

ပြည်နှင့်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များနှင့် တွေ့ဆုံ၍ ပြည်ပနိုင်ငံသားများအား ပြည်နှင့်လွှဲပြောင်းပေးရေးလုပ်ငန်းစဉ်များ ဆောင်ရွက်နေမှု၊ စာရင်းဇယား၊ အချက်အလက်များ ပြည့်စုံမှန်ကန်မှုရှိရေး ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ထို့နောက် ပြည်နှင့်လွှဲပြောင်းပေးအပ်ပွဲကို ဆက်လက်ကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံသံရုံးမှ First Secretary Mr. Hoang Minh Hai နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူများထံသို့ ပြည်နှင့်လွှဲပြောင်း လက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။



ဇန်နဝါရီ ၃၀ ရက်မှ ဇူလိုင် ၁၅ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၂၂၄ ဦး စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၉၀၅၅ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင့်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့်ပြည်ပနိုင်ငံသား ၁၆၉ ဦးကို သက်ဆိုင်ရာ နိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင့်လွှဲပြောင်းပေးနိုင်ရေး တက်ကြွစွာပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# စစ်ကိုင်းမြို့နှင့် ချမ်းမြသာစည်မြို့နယ်တို့တွင် ငွေကျပ် ၂၀ ဒသမ ၂၂၅ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ကိုးသန်းကျော်၊ ဘိန်းဖြူ ၂၂ ကီလို သိမ်းဆည်းရမိ

**နေပြည်တော် ဇူလိုင် ၁၅**

စစ်ကိုင်းမြို့နှင့် ချမ်းမြသာစည်မြို့နယ်တို့တွင် ငွေကျပ် ၂၀ ဒသမ ၂၂၅ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ကိုးသန်းကျော်၊ ဘိန်းဖြူ ၂၂ ကီလို သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

**သိမ်းဆည်းရမိ**

ဖြစ်စဉ်မှာ ဇူလိုင် ၇ ရက် ညနေ ၆ နာရီခွဲတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် စစ်ကိုင်းမြို့ နီလာရပ်ကွက် ခရိုင်ချင်းဆက်လမ်းတွင် ကျော်မင်းထွန်း မောင်းနှင်ပြီး ကျော်ထက်အောင် လိုက်ပါလာသော Hyundai Starex ယာဉ်နှင့် ဟန်ဌေး မောင်းနှင်သည့် Hyundai Starex ယာဉ်တို့အား စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅ ဒသမ ၂၅ သန်းနှင့် ဘိန်းဖြူ ၂၂ ကီလို သိမ်းဆည်းရမိခဲ့သည်။



ပြစ်မှုကျူးလွန်သူ ရွှန်လေ့ကျိုးနှင့် ဇန်ကျဲအိုမန်းတို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။



ပြစ်မှုကျူးလွန်သူ ဟန်ဌေး၊ ကျော်မင်းထွန်း၊ ကျော်ထက်အောင်နှင့် ဟိန်းမင်းလတ်တို့အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

**အရေးယူဆောင်ရွက်**

ကွင်းဆက်ဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများအား သယ်ဆောင်ခိုင်းသူ ဟိန်းမင်းလတ်ကို ဇူလိုင် ၈ ရက် နံနက် ၈ နာရီတွင် ကျောက်ဆည်မြို့ မင်းရပ်ရပ်ကွက် မြို့ရှောင်လမ်းပေါ်ရှိ တည်းခိုခန်းတွင် Ford Ranger ယာဉ်တစ်စီးနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း၊ ၎င်း၏ ဖော်ထုတ်ချက်အရ မန္တလေးမှ ကလေးသို့ မူးယစ်ဆေးဝါးများ သယ်ဆောင် ရောင်းဝယ်သူများဖြစ်သည့် ဇန်ကျဲအိုမန်းနှင့် ရွှန်လေ့ကျိုးတို့အား ချမ်းမြသာစည်မြို့နယ် ထွန်းတုံးရပ်ကွက် ၁၁၁ အိုင်လမ်းရှိ နေအိမ်တွင် စိတ်ကြွရူးသွပ်ဆေးပြား လေးသန်း၊ မူးယစ်ဆေးဝါး သယ်ဆောင်ရာတွင် အသုံးပြုသည့် ဆီဘောက်ဆာယာဉ် နှစ်စီး၊ Toyota Hilux Surf ယာဉ် တစ်စီးတို့နှင့်အတူ ဆက်လက် ဖမ်းဆီးရမိခဲ့သဖြင့် စုစုပေါင်းစိတ်ကြွရူးသွပ် ဆေးပြား ၉ ဒသမ ၂၅ သန်း (၎င်းဒေသတန်ဖိုး ငွေကျပ် ၁၉ ဒသမ ၁၂၅ ဘီလံယံ) နှင့် ဘိန်းဖြူ ၂၂ ကီလို (၎င်းဒေသ တန်ဖိုးငွေကျပ် ၁ ဒသမ ၁ ဘီလီယံ) ဖြစ်ကြောင်း၊ စစ်ဆေးပေါ်ပေါက်ချက်များအရ သိမ်းဆည်းရမိ မူးယစ် ဆေးဝါးများအား ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ်မှ မန္တလေးသို့ သယ်ဆောင်ခိုင်းသူ ရှမ်းလေး၊ အောင်မြင့်ထွန်းနှင့် မန္တလေးမှ ကလေးသို့ သယ်ဆောင်ခိုင်းသူ စံရန်းတို့ဖြစ်ကြောင်း သိရသဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှု ကျူးလွန်သူများကို ဆက်လက် ဖော်ထုတ်လျက်ရှိကြောင်းနှင့် ၎င်းတို့၏ မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်ရာမှရရှိသည့် ငွေကြေးအကျိုးအမြတ်များ၊ ပိုင်ဆိုင်မှုများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ရေးအတွက် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေဖြင့် အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ရေးမြို့နယ်၌ မိုးစပါးမျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးခြင်း တောင်သူပညာပေး ကွင်းသရုပ်ပြပွဲကျင်းပ

**ရေး ဇူလိုင် ၁၅**

မွန်ပြည်နယ် ရေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွက် မိုးစပါးမျိုးစေ့ချကိရိယာဖြင့် မျိုးစေ့ချစိုက်ပျိုးခြင်း တောင်သူပညာပေး ကွင်းသရုပ်ပြပွဲကို ယနေ့နံနက်ပိုင်းက အစင်စံပြကျေးရွာ တောင်သူ ဦးဆိုး၏ လယ်မြေပေါ်တွင် ကျင်းပသည်။

